မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၁၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၆၉)

ရခိုင်ပြည်နယ်သည် သဘာဝ မြစ်ချောင်းများ၊ တောင်ကုန်း၊ တောင်တန်းများ ပေါများသဖြင့် အခြား ပြည်နယ်တိုင်းများနှင့် ဆက်သွယ်သွားလာရေးတွင် အခက်အခဲရှိခဲ့၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရခိုင်ပြည်နယ်ကို အခြား ပြည်နယ်တိုင်းများနှင့် ဆက်သွယ်သွားလာမှု လွယ်ကူရေး အလေးထား ဆောင်ရွက်ပေးခဲ့။

လယ်ယာ၊ သားငါးနှင့် သစ်တောသဘာဝ သယံဇာတများ အကျိုးရှိစွာ ထုတ်ယူသုံးစွဲနိုင်ရေး အသိပညာ၊ အတတ်ပညာနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များလိုအပ် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးနိုင်ရေး အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့

နိုင်ငံတော်က ဆောင်ရွက်ပေးထားသည့် ဖွံ့ဖြိုးရေးအခြေခံကောင်းများ အကျိုးရှိရှိ အသုံးချ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရန် အလုပ်ကို ဝီရိယထား ကြိုးစားလုပ်ကိုင်ကြရမည်

နေပြည်တော် မတ် ၁၇

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ လိုက်ပါလျက် မတ် ၁၅ရက် ညနေပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပလက်ဝမြို့၌ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ သိရှိလိုသည်များကို မေးမြန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးကို ဖြည့်ဆည်းပေးမည့် အီလက်ထရစ်မော်တော်ယာဉ်နှင့် Solar Panel ထုတ်လုပ်မှုစီမံကိန်း

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-စက်မှု(၂)၊ စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင် (မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၇

မကြာမီက နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့သော အထူးစီမံကိန်းများအကြောင်းကို စိတ်ဝင်စားမိခဲ့သည်။ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၀) ညှိနှိုင်းအစည်းအဝေးကို မတ် ၅ရက် မွန်းလွဲ ၁နာရီ မိနစ် ၅၀တွင် ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ လိုအပ်သည်များ မှာကြားလမ်းညွှန်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမှတ်(၁) လျှပ်စစ် စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ဝန်ကြီးများက မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။ ဝန်ကြီးဌာနအလိုက် ဆက်လက်ဆောင်ရွက်မည့် အထူးစီမံကိန်းများဖြစ်ရာ နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိစေမည့် ဆောင်ရွက်မှုများပင် ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများနှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၀)ဖြင့် ထုတ်ပြန်ကြေညာသည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများ အချပ်ပို (၈)မျက်နှာနှင့် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၀)ဖြင့် ထုတ်ပြန်ကြေညာသည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ အချပ်ပို (၂၄)မျက်နှာတို့ ပါရှိပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၁၈ ရက်)

မြန်မာ့တိုင်းရင်းဆေးပညာ သုတေသနပြု ဖော်ထုတ်မြှင့်တင်

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်းသမိုင်းစဉ်တစ်လျှောက် မြန်မာ့ရာသီဥတု၊ ရေမြေတောတောင်သဘာဝ၊ မြန်မာ့ယဉ်ကျေးမှု ရိုးရာအမွေအနှစ် ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ အခြေခိုင်မာစွာ ဖြစ်ထွန်းတည်တံ့ခဲ့သော ထီးနန်းသုံးတော်ဝင် အမျိုးသားဆေးပညာဖြစ်သည်။

မြန်မာလူမျိုးတို့သည် အနောက်တိုင်းဆေးပညာမပေါ်ပေါက်မီ ခေတ်အဆက်ဆက် မြန်မာ့တိုင်းရင်းဆေးပညာဖြင့်ပင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူကာ ကျန်းမာအသက်ရှည်ခဲ့ကြရသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားတတ်သော ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်စသည့် ရောဂါကြီးခြောက်မျိုးနှင့် အခြားရောဂါများကို တိုင်းရင်းဆေးဖြင့် ထိရောက်စွာ ကုသပေးလျက်ရှိသည်။

တိုင်းရင်းဆေးဖြင့် ကုသနိုင်ရေးအတွက် တိုင်းရင်းဆေးပညာရှင်များ အခန်းကဏ္ဍနှင့် တိုင်းရင်းဆေးဖော်စပ်ရာတွင် အသုံးပြုသည့် ပရဆေးပင်များ ရှင်သန်တိုးပွားလာရေးသည် အဓိက အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။

နိုင်ငံတော်က နေပြည်တော်၌ အမျိုးသားပရဆေးဥယျာဉ်ကြီးကို ၂၀၀၈ခုနှစ် ဇန်နဝါရီလက တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ရှားပါးဆေးဖက်ဝင် အပင်ကြီး၊ အပင်ငယ် အမျိုးပေါင်းမြောက်မြားစွာ စိုက်ပျိုးပေါက်ရောက်လျက်ရှိသည်။

ဖန်လုံအိမ်အတွင်း စိုက်ပျိုးထားသော ပရဆေးပင်၊ ပန်းအိုးဖြင့် စိုက်ပျိုးထားသော ပရဆေးပင်များရှိပြီး ဆီးချိုသွေးချိုရောဂါ ပျောက်သော သကြားမကိုင်ပင်၊ အသည်းရောဂါ၊ သည်းခြေအိတ်ရောဂါ ပျောက်ကင်းသော စောင်းလျားပင်၊ အကြောလိမ်းဆေး၊ အခိုးပွင့်ဆေးအဖြစ် ဖော်စပ်အသုံးပြုနိုင်သည့် ပရုတ်ပင်၊ အစာကြေ၊ လေသလိပ်နှင့် အဖျားရောဂါပျောက်နိုင်သော မြန်မာပိတ်ချင်း၊ ဆီးချိုသွေးချိုရောဂါ ပျောက်ကင်းစေနိုင်သော ပျားမြီးပင် စသည်တို့ကို စိုက်ပျိုးထားရှိသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မူလပင်ကိုသဘာဝအားဖြင့် အစဉ်အလာကြီးမား၍ အစွမ်းထက်သော အမျိုးသားရေး ဂုဏ်ဒြပ် ဆေးပညာရပ်ဖြစ်ပေရာ မြန်မာ့တိုင်းရင်းဆေးပညာ၏ ကြွယ်ဝပြည့်စုံသော အနှစ်သာရနှင့် အဆီအနှစ်များကို အရိုးပေါ်အရွက်မဖုံးစေဘဲ ခေတ်မီနည်းပညာများဖြင့် သိပ္ပံနည်းကျ သုတေသနပြု ဖော်ထုတ်မြှင့်တင်လျက် နိုင်ငံတကာမျက်နှာစာသို့ ထွန်းပေါက်ရောက်ရှိစေရေးအတွက် တိုင်းရင်းဆေးပညာရှင်များက ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လင်းလွန်းပင်- ပေစိကျွန်း ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန်မြို့နှင့် ပုသိမ်မြို့များ ရာသီမရွေး လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီ

နေပြည်တော် မတ် ၁၇

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ညောင်တုန်းမြို့နယ် လင်းလွန်းပင်-ပေစိကျွန်း ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၅ရက် နံနက် ၈နာရီက အဆိုပါလမ်းဖွင့်ပွဲ မုခ်ဦးနေရာ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အားပေးသည်။ (အပေါ်ပုံ)

ဖွင့်လှစ်ပေး

အခမ်းအနားတွင် တာဝန်ရှိသူများက လင်းလွန်းပင်-ပေစိကျွန်း ကျေးလက်ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် လင်းလွန်းပင်-ပေစိကျွန်း ကျေးလက် ကျောက်ချောလမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။ အဆိုပါ လင်းလွန်းပင်-ပေစိကျွန်း ကျေးလက်ကျောက်ချောလမ်းသည် ညောင်တုန်းမြို့နယ် ထိပ်ဝကြီး ကျေးရွာအုပ်စု၊ ပေစိကျွန်း ကျေးရွာအုပ်စုနှင့် ရန်ကုန်-ပုသိမ်ကားလမ်းကြီးတို့ကို ဆက်သွယ်ထားသည့် လမ်းအရှည် သုံးမိုင်ခန့်ရှိသော မြေသားလမ်းပေါ်၌ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် လမ်းအရှည်ပေ ၄၆၂၀ရှိ ကျောက်ချောလမ်းသစ်ကို ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့ခြင်း ဖြစ်သည်။

ဆက်သွယ်သွားလာနိုင်

ယင်းလမ်းသည် ညောင်တုန်းမြို့နယ် ထိပ်ဝကြီးနှင့် ပေစိကျွန်း ကျေးရွာအုပ်စုအတွင်းရှိ ထိပ်ဝကြီး၊ ရှမ်းစု၊ ရွှေလင်းဝင်၊ ပေစိကျွန်း၊ ကညင်ကောက်၊ ဘောလုံး၊ ဒေါင့်ကြီးသောင်၊ အောက်ကျွန်း၊ ကုလားကုတ်၊ ကန်ဇင်းတောကျေးရွာများနေ ကျေးလက်ပြည်သူများအတွက် ရန်ကုန်-ပုသိမ်ကားလမ်းမကြီးသို့ ဆက်သွယ်ထားသည့်လမ်းဖြစ်ရာ ကျောက်ချောလမ်းပြီးစီးသွားသည့်အတွက် ယခင်က မိုးရာသီအတွင်း ယာဉ်များဝင်ရောက်နိုင်ခြင်းမရှိဘဲ သွားလာရေးအခက်အခဲများနှင့် နေ့စဉ်ကြုံတွေ့ခဲ့ရာမှ ယခု ကျောက်ချောလမ်းမကြီးမှတစ်ဆင့် ရာသီမရွေး ရန်ကုန်မြို့နှင့် ပုသိမ်မြို့များသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၁၉-၃-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(ဓမ္မစကြာသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၂၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၂၀ ပြောပါရစေရှင် (သံသရာ ထွက်မြောက်ကြောင်း)
၈း၃၅ တေးပဒေသာ
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (Intermediate Level) (14)
၁၂း၁၀ အလုပ်အကိုင်အခွင့်အလမ်း
၁၂း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ Music Talk(15) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ တေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ညချမ်းချိန်ခါ တေးပဒေသာ
၁၉း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (စောင့်သိအပ်သောသစ္စာ)
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၁၀ အနုအလှအစုံစုံ သူ့ဘာဝအဖုံဖုံ (တက္ကသိုလ်ပွမ်းပုံ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀ ဆောင်းပါး (ကိုယ်ကျွမ်းကျင်တာ ဝေမျှပါ)
၂၁း၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

ဖေဖော်ဝါရီ ၁၄ရက်က ဆီဆိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းကျင်းပသည့် သွေးလှူရှင်များ ဂုဏ်ပြုပွဲတွင် (၆၃)ကြိမ်မြောက် သွေးလှူရှင် ဦးမင်းအောင်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်က ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ် ချီးမြှင့်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဖားဆောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစောနေခလီးတို့ ကြီးကြပ်၍ မြို့သာယာလှပရေးအတွက် မြို့တွင်း ပလက်ဖောင်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

(သတင်းစဉ်)

ကစ္ဆပနဒီမှ ဓညဝတီသစ္စာ စာအုပ်ထွက်ရှိ

ရန်ကုန် မတ် ၁၇

၂၀၀၈ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(ဝိဇ္ဇာ)ဆုရ မောင်မိုးယံ၏ ကစ္ဆပနဒီမှ ဓညဝတီသစ္စာ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ရောက်ရှိသွားနိုင်

ကစ္ဆပနဒီမှ ဓညဝတီသစ္စာသည် ရခိုင်ပြည်နယ်အတွင်းရှိ မေယုမြစ်၊ လေးမြို့မြစ်၊ ကစ္ဆပနဒီမြစ်၊ နတ်မြစ်နှင့် နောင်တော်ကြီး နောင်တော်လေး၊ ကလိန်တောင်ပင်လယ်ဝနှင့် ဖရုံကာကျွန်း၊ မာန်အောင်ကျွန်း၊ ရမ်းဗြဲကျွန်း၊ ပလက်ဝ၊ ဘူးသီးတောင်၊ မောင်တော၊ တောင်ကုတ်၊ ကျောက်ဖြူခရီးများကို သွားလာခဲ့သည့် ခရီးစဉ်တစ်လျှောက် စာရေးသူမြင်တွေ့ရသည့် ပထဝီနိုင်ငံရေးအမြင်ကို အတိတ်သမိုင်းနှင့် ထင်ဟပ်ပေါ်လွင်စေသည့် ရခိုင်ပြည်နယ်နှင့် ရခိုင်တိုင်းရင်းသားတို့၏ ဓလေ့စရိုက်ယဉ်ကျေးမှု၊ ဘာသာရေး၊ ပထဝီမြင်ကွင်းအခင်းအကျင်းကို တစ်ထိုင်တည်းဖတ်ရှု၍ ရောက်ရှိသွားနိုင်သည့် စာအုပ်ဖြစ်သည်။

ဖော်ညွှန်း

ဗုဒ္ဓမြတ်စွာဘုရား သာသနာတော်ထွန်းကားခဲ့သည့် ရခိုင်ပြည်နယ် ကျောက်တော် မြောက်ဦးဒေသကို မရောက်ဖူးသူတို့ ဤစာအုပ်ဖတ်၍ ရခိုင်ပြည်နယ်တစ်ခုလုံးကို တစ်ဆက်တစ်စပ်တည်း ကိုယ်တိုင်ရောက်ရှိသွားသလို ခံစားနိုင်ကြောင်း ဆုရစာအုပ်က ဖော်ညွှန်းထားသည်။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က မှတ်ပုံတင်အမှတ်-၀၇၄၉၂ ဖြင့် ပုံနှိပ်၍ မှတ်ပုံတင်အမှတ်-၀၃၉၁၁ဖြင့် ထုတ်ဝေလိုက်ပြီး စာအုပ်ဈေးနှုန်းမှာ ကျပ် ၂၀၀၀ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) သဘာဝ တည်ငြိမ်လျှပ်စစ်(Static Electri-city) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မြန်မာ့ရုပ်မြင်သံကြား

၁၈-၃-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ
စောမင်းနောင်၊ စိုင်းညီမင်း (တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇:၅၀ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ သံသာချိုအေးမင်္ဂလာတေး
၈:၁၅ ၇။ စစ်တောင်းတံတား(မုပ္ပလင်)
၈:၂၀ ၈။ အကပဒေသာ
၈:၃၀ ၉။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

၃:၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (မနောမြေ F.C နှင့် ဧည္သာယူနိုက်တက် F.C)
၅:၀၀ ၂။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ်(သတ္တဗေဒ အထူးပြု)(သတ္တဗေဒ)
၅:၁၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၂၀ ၄။ **ဘွားချစ်ကတားမြစ်ထားသည်**
၅:၄၅ ၅။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၆။ ညနေခင်းသတင်း
၆:၁၀ ၇။ မိုးလေဝသအခြေအနေ
၆:၁၅ ၈။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ**(အပိုင်း-၁)
သူရလင်း၊ မေတ္တာ၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ စုပုံချစ် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၃၅ ၉။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၁၉)
၈:၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၂)
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၃၀)

အမှာစကားပြောကြား

မတ် ၁၇ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အစည်းအဝေး (၆/၂၀၁၀)တွင် အမှာစကား ပြောကြားစဉ်။ (သတင်း-ကျော်ဖုံး)(သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုဂ္ဂလိကလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ အောင်မိုးခိုင် ကဏန်းပျော့ ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ ကူညီပံ့ပိုးမှုတို့ဖြင့် မတ် ၂၀ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအတ္တာဝါခန်းမ၌ ဒေါက်တာတင်လတ်(MAT College) က ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း(Privatization)ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံမင်းသမီး ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့သို့ သွားရောက်ပြီး ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် မတ် ၁၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံမင်းသမီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာသွားကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Bansarn Bunnag နှင့် သံရုံးမိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရောက်ရှိ

ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံမင်းသမီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၆ရက် ဌာနခွဲ အဆောက်အအုံကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဖျာပုံခရိုင် အမာမြို့နယ် ဒေါ်ညိမ်းကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ထိုင်းနိုင်ငံကြက်ခြေနီအသင်းက လှူဒါန်းထားသည့် (၁၆)ခုတင်ဆံ့ ဒေါ်ညိမ်း တိုက်နယ်ဆေးရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ယင်းနောက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာသို့ သွားရောက်၍ မဟာချက်ကရီသီရိဒုံမင်းသမီး လှူဒါန်းထားသည့် Cyclone Shelter ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်လှစ်သင်ကြား

ဆက်လက်၍ ကဒုံအမှတ်(၁) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းသို့ လှူဒါန်းထားသော ရုံးသုံးနှင့် ကျောင်းသုံးပစ္စည်းများကိုလည်းကောင်း၊ ထိုင်းဘုရင့်တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် မဟာချက်ကရီသီရိဒုံမင်းသမီးသည် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးဌာန မွမ်းမံပြင်ဆင်ခြင်း ပြီးစီးမှုအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ပြီး အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ပက်ဖျန်း

ဆက်လက်၍ ထိုင်းမင်းသမီးသည် အမျိုးသားသွေးဌာန မွမ်းမံပြင်ဆင်ခြင်းပြီးစီးမှုအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး အမျိုးသားသွေးဌာန အဆောက်အအုံအတွင်း သွေးလှူရှင်များ သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကာ သွေးဌာနအဆောက်အအုံကို လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ညပိုင်းတွင် ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

H.E.Mr. Bansarn Bunnag က အမှာစကား ပြောကြားသည်။

ထို့နောက် ထိုင်းမင်းသမီးက မဟာဇောဓိပင် ကမ္ပည်းကျောက်ပြားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ကမ္ဘာအေးကုန်းမြေ ပရိဝုဏ်အတွင်းရှိ ထိုင်းခန်းမသို့ ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ ထိုင်းမင်းသမီးသည် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ဗုဒ္ဓရုပ်ပွားဆင်းတုတော်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်အတွက် အလှူငွေများကို လှူဒါန်းသည်။

ထို့နောက် မဟာချက်ကရီသီရိဒုံမင်းသမီးသည် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ စီမံခန့်ခွဲရေးကော်မတီနှင့် ဇီဝိတဒါန သံဃာ့ဆေးရုံတို့အတွက်လည်း အလှူငွေများကို ပေးအပ်လှူဒါန်းပြီး မဟာပါသာဏလိုဏ်ဂူတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ကပ်လှူပူဇော်

ယင်းနောက် ထိုင်းဘုရင့်သမီးတော် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နံနက် ၉နာရီ ၄၅မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ရောက်ရှိကြပြီး သီရိဒုံမင်းသမီးသည် အာရုံခံ မှန်လုံတန်ဆောင်းမှ စေတီတော်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများဖြင့် ကပ်လှူပူဇော်ကာ စေတီတော်အား ရည်မှန်း၍ ရွှေသင်္ကန်း လှူဒါန်းသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ကြည့်ရှုလေ့လာ

ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်အနီးရှိ ရတနာဆင်ဖြူတော်ဥယျာဉ်သို့ ရောက်ရှိကြပြီး ရတနာဆင်ဖြူတော်များကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီ သီရိဒုံမင်းသမီးဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နံနက်ပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ထို့နောက် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီ၄၅မိနစ်တွင် ဧရာဝတီတိုင်း ဖျာပုံမြို့နယ် တမံကျေးရွာသို့ရောက်ရှိပြီး ထိုင်းနိုင်ငံ ကြက်ခြေနီအသင်းက လှူဒါန်းထားသောဆောက်လုပ်ဆဲ ကျေးလက်ကျန်းမာရေး တပ်မတော်မှ စိုက်ပျိုးရေးပညာရှင်များနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပညာရှင်များ ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးနေသော ခေတ်မီစိုက်ပျိုးရေးနည်းပညာရပ် လေ့လာသင်ကြားမှု ဌာနကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရဟတ်ယာဉ်များဖြင့် ကဒုံကနီကျေးရွာမှ ထွက်ခွာခဲ့ကြရာ ညနေပိုင်း

ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံမင်းသမီးသည် ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ ၁၉၆၀ပြည့်နှစ်က ထိုင်းနိုင်ငံ ဘုရင်နှင့် မိဖုရားတို့စိုက်ပျိုးခဲ့သည့် မဟာဇောဓိပင်နှစ်ပင် ကမ္ပည်းကျောက်ပြားစိုက်ထူပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ အခမ်းအနားတွင် ရှေးဦးစွာ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၃-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ဓေဂ္ဂသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဘာအားကိုးမလဲ** တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် View Sonic ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများမိတ်ဆက်ပွဲ
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၃)
၈:၃၀ Sports World (Strong Man)
၈:၅၅ မြန်မာစက်မှုပြပွဲ ၂၀၁၀
၉:၂၀ Box Office Movies (SURRO GATES)
၉:၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ ဘိုင်စကုပ်ထဲကလိုချစ် ရိုက်ကွင်း အမှတ်တရ
၁၀:၀၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာရှီလာနှင့်တွေ့ဆုံခြင်း)
၁၀:၄၀ အေးမိသားစုလီမိတက်၏ ဆောက်လုပ်ရေးနှင့် Pro-1 Taximetre
၁၁:၀၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အရသာချိုချိုရေခဲမုန့်ပြုလုပ်နည်း)
၁၁:၁၅ **ဂီတသရုပ်ပြခန်း** (နိမိတ်ကောင်းနဲ့လူ ဗွီစီဒီကာရာအိုကေ)
၁၁:၄၅ မြန်မာ့ရိုးရာထုံးတမ်းစဉ်လာ စုလျားရစ်ပတ်ဘိသိက်မင်္ဂလာ
၁၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Orange Supermarket တာမွေဆိုင်ခွဲဖွင့်လှစ်ပွဲ)
၁၂:၃၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ ဘိုင်စကုပ်ထဲကလိုချစ် ရိုက်ကွင်း အမှတ်တရ
၁:၀၀ **ဘာအားကိုးမလဲ** တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival [Pop ကမ်းခြေ(၁)]
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၃)
၄:၀၅ Activities in the City -ပိဋကတ်သုံးပုံလှူဒါန်းပူဇော်ပွဲ -အိုဘီမင်မိတ်ဆုံစားပွဲ
၄:၃၀ ဂီတသံစဉ်အလှဆင် (တင်တင်မြ)
၅:၀၀ ရန်ကုန်မြင်ကွင်းကျယ် (Orange Supermarket တာမွေဆိုင်ခွဲဖွင့်လှစ်ပွဲ)
၅:၁၀ ရွှေဟင်္သာအမည်ဆန်းနှင့် တောင်ခြေစခန်းဟိုတယ်
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ အနုပညာမိုးကောင်းကင်
၆:၄၅ ရန်ကုန်မြင်ကွင်းကျယ် (View Sonic ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများမိတ်ဆက်ပွဲ
၇:၀၀ Fashion Music Festival [Pop ကမ်းခြေ(၁)]
၇:၃၅ ဈေးဝယ်လမ်းညွှန် 7 SCENTS Cosmetic & Perfume
၈:၀၀ MRTV-4 သတင်း
၈:၃၀ Box Office Movies (SURRO GATES)
၉:၀၀ တရုတ်နှစ်သစ်ကူးပွဲတော်ကာလ ရိုးရာခြင်္သေ့၊ နဂါးအကပြိုင်ပွဲ
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၃)
၁၀:၀၀ မြန်မာစက်မှုပြပွဲ ၂၀၁၀
၁၀:၁၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာရှီလာနှင့်တွေ့ဆုံခြင်း)
၁၀:၄၀ **ဂီတသရုပ်ပြခန်း** (နိမိတ်ကောင်းနဲ့လူ ဗွီစီဒီကာရာအိုကေ)
၁၁:၀၅ အနုပညာမိုးကောင်းကင်
၁၁:၃၀ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပန်းဝတ်မှုန်ထုတ်လုပ်ရေး)
၁၁:၅၀ ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၁၂:၁၀ ခြင်အန္တရာယ်
၁၂:၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ဖြစ်ပွားမှုကာကွယ်ရေး နှိုးဆော်ချက်

ယခုကာလတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါNew Influenza A(H1N1) ဖြစ်ပွားမှုများ မြန်မာနိုင်ငံတွင် တွေ့ရှိကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ချင်းပြည်နယ် တီးတိန်မြို့နယ်၊ ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ ဗဟန်းမြို့နယ်၊ တာမွေမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ မှော်ဘီမြို့နယ်တို့တွင် New Influenza A(H1N1) ရောဂါပိုးတွေ့ရှိမှု ဖြစ်စဉ်များ ရှိပါသည်။

တုပ်ကွေးရောဂါလက္ခဏာဖြစ်ပွားပါက-

(၁) နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊
(၂) ရောဂါမကူးစက်စေရန် နှာခေါင်းနှင့် ပါးစပ်ကို လုံအောင် ဖုံးအုပ်သည့် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်း၊
(၃) လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊
(၄) လူထူထပ်သော နေရာနှင့် ပွဲလမ်းသဘင်များသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၅) နေအိမ်တွင် အနားယူ၍ စနစ်တကျ ပြုစုကုသမှုခံယူခြင်းတို့ကို ပြုလုပ်ရပါမည်။

အဖျားကြီးလွန်းခြင်း၊ ချောင်းအလွန်ဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ သတိလစ်ခြင်းစသည့် ရောဂါပြင်းထန်သောလက္ခဏာများ တွေ့ရှိပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူရပါမည်။ **ကျန်းမာရေးဝန်ကြီးဌာန**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ဘဂ္ဂဒက် မတ် ၁၇

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မတ် ၁၇ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၀၆၃၁ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၅၃၃၇ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၀၆၃၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၅၃၃၇ ဦး

(အင်တာနက်)

အီရတ် - အာဖဂန်သတင်းများ

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၄၃၈၄ ဦး ရှိပြီဖြစ်

ဘဂ္ဂဒက် မတ် ၁၇

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို ပစ်မှတ်ထားကာ စစ်သွေးကြွများက လက်နက်ကြီးများဖြင့်ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း မတ် ၁၅ရက်တွင် အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

ဖော်ပြ

ဒဏ်ရာရရှိသူများအား စစ်ဘက်ဆိုင်ရာ အနီးဆုံးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး အခြေအနေကောင်းမွန်လျက်ရှိသည်ဟု ယင်းသတင်း၌ဖော်ပြသည်။

သေဆုံး

၂၀၀၃ခုနှစ်တွင် အီရတ်သို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ စတင်ဝင်ရောက်ကတည်းက ယနေ့အထိ အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၄၃၈၄ဦး ရှိသွားပြီဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူတစ်ဦး ဆေးကုသမှုခံယူနေသည်ကို မတ်၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် မတ် ၁၇

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မတ် ၁၇ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၆၈၇ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၁၀၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၆၈၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၃၉၁၀၄ ဦး

(အင်တာနက်)

အာဖဂန်နစ္စတန် ရှစ်နှစ်တာ စစ်ပွဲကာလအတွင်း
ပြည်သူများ လူမှုဒုက္ခမျိုးစုံ ကြုံတွေ့ခံစားကြရ

ကဘူးလ် မတ် ၁၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဂါဇနီပြည်နယ်၌ အရပ်သားမော်တော်ယာဉ်တစ်စီးကို လမ်းဘေးဗုံးပေါက်ကွဲထိမှန်သဖြင့် သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း မတ် ၁၅ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းနေ့၌ပင် ကဘူးလ်မြို့မြောက်ပိုင်းရှိ ဘာဂရမ်လေဆိပ်၌ ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။ အဆိုပါဖြစ်ပွားမှုမှာ စစ်သွေးကြွများက ဒုံးကျည်ဖြင့်ပစ်ခတ်ခြင်းဖြစ်ကြောင်း နေတိုးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပြစ်တင်

တစ်ချိန်တည်းမှာပင် အရှေ့ပိုင်းကူနာပြည်နယ်၌ အမေရိကန်တပ်ဖွဲ့၏ လုပ်ရပ်ကြောင့် အမျိုးသမီးနှစ်ဦးအပါအဝင် အရပ်သား ၁၀ဦးသေဆုံးမှုနှင့်ပတ်သက်၍ အာဖဂန်ပြည်သူများက ပြစ်တင်ရှုတ်ချသည်။

စွန့်ခွာ

အာဖဂန်နစ္စတန်၌ ရှစ်နှစ်တာစစ်ဖြစ်နေသည့်ကာလအတွင်း အာဖဂန်ပြည်သူများ အိုးအိမ်များစွန့်ခွာကြရပြီး လူမှုဒုက္ခမျိုးစုံ ခံစားကြရသည်ဟု မီဒီယာများက ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန်၌ နေတိုးထောက်ပံ့ရေးယာဉ်တန်း တိုက်ခိုက်ခံရ

အစ္စလမ္မာဘတ် မတ် ၁၇

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချစ္စတန်ပြည်နယ်တွင် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ထံ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသော ရေနံတင်ယာဉ်တစ်စီးကို တာလီဘန်စစ်သွေးကြွများက မတ် ၁၆ရက်၌ မီးရှို့ဖျက်ဆီးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖြတ်ကျော်

နေတိုးထောက်ပံ့ရေးယာဉ်တန်းသည် ကရာချိမြို့တောင်ပိုင်းမှ အာဖဂန်နယ်စပ်ကို ဖြတ်ကျော်လာစဉ် ယင်းကဲ့သို့ တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ပြီးခဲ့သည့် လေးလအတွင်းမှာပင် အာဖဂန်နယ်စပ်တစ်လျှောက်ရှိ လူမျိုးစုဒေသ၌ နေတိုးထောက်ပံ့ရေးယာဉ်နှင့် ကုန်တင်ယာဉ် ၄၀၀ကျော် မီးရှို့ဖျက်ဆီးခံရသည်ဟု ဆိုသည်။ **(အင်တာနက်)**

အပျက်အစီးများ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်နိုင်ငံ၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၂၇၅ဦး သေဆုံးခဲ့ပြီ

လန်ဒန် မတ် ၁၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ မတ် ၁၇ရက်က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း ၄င်းဝန်ကြီးဌာနက ကြေညာသည်။

ဖော်ပြ

ယင်းဗုံးပေါက်ကွဲမှုသည် ဟယ်လ်မန့်ပြည်နယ် မူဆာကွာလာခရိုင်၌ ဖြစ်ပွားခဲ့ကြောင်း၊ ဗြိတိသျှတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်၌ သေဆုံးမှုမှာ ၂၀၀၁ခုနှစ် နောက်ပိုင်း ၂၇၅ဦးအထိ ရှိသွားပြီဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြသည်။

(အင်တာနက်)

ကန်ဒါဟာ၌ တာလီဘန်တို့ တိုက်ခိုက်မှု
၃၉ဦးသေဆုံးပြီး ရာနှင့်ချီ ဒဏ်ရာရရှိ

ကန်ဒါဟာ မတ် ၁၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာမြို့၌ မတ် ၁၅ရက်က လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ၃၉ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိကြောင်း ပြည်နယ်သတင်းဌာနက ကြေညာသည်။

ထုတ်ပြန်ကြေညာ

အဆိုပါတိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိသူ ရာနှင့်ချီရှိပြီး သေဆုံး၊ဒဏ်ရာရသူများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များလည်း ပါဝင်ကြောင်း၊ အာဖဂန်၌ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် လုံခြုံရေးအခြေအနေ ဆိုးရွားလျက်ရှိကြောင်း (အေအက်ဖ်ပီ) သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ဆိုးရွား

ကန်ဒါဟာမြို့သည် တာလီဘန်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှု ဆိုးရွားစွာခံရသည့် မြို့ဖြစ်သည်ဟုဆိုသည်။

(အင်တာနက်)

အီရတ်၌ ကားဗုံးပေါက်ကွဲ ခုနစ်ဦးသေဆုံး၊ ၁၃ဦးဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၁၇

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အရပ်သားခုနစ်ဦးသေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မတ် ၁၅ရက်က ဘဂ္ဂဒက်မြို့တော်နှင့် မိုင် ၅၀ကွာဝေးသော ဖလူးဂျာမြို့၌ ကင်းလှည့်နေစဉ်အတွင်း အနီး၌ရပ်ထားသောကားမှ ပေါက်ကွဲမှုဖြစ်ပွားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြထားသည်။ **(အင်တာနက်)**

အစ္စလမ္မာဘတ် မတ် ၁၇

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် တာလီဘန် ပါကစ္စတန်(တီတီပီ) အဖွဲ့၏ နောက်ထပ်ထိပ်တန်းခေါင်းဆောင်တစ်ဦးကိုဖမ်းဆီးလိုက်ကြောင်း ပါကစ္စတန်မီဒီယာက မတ်၁၅ရက်၌ သတင်းထုတ်ပြန်သည်။

ဖမ်းဆီး

တီတီပီခေါင်းဆောင် ကာရီရှာဘီကို ဖိုင်ဆာလာဘတ်မြို့၌ မတ် ၁၄ရက်က ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း၊ ၄င်းကို စုံစမ်းစစ်ဆေးရန် အမည်မဖော်ပြလိုသည့် နေရာတစ်ခုကို ပို့ထားလိုက်ကြောင်းဖြင့်လည်း သတင်းတွင် ဖော်ပြထားသည်။ ကာရီရှာဘီသည် မကြာမီက သတ်ဖြတ်

တာလီဘန် ခေါင်းဆောင်တစ်ဦးအား ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ ဖမ်းဆီး

ချေမှုန်းလိုက်နိုင်သည့် အကြမ်းဖက်ဝါဒီ ဒေါက်တာမိုအက်(ခ) အူမာကွမ်ဒီနှင့် ရင်းနှီးသူဖြစ်သည်ဟု ဆိုသည်။ ကာရီရှာဘီသည် ပန်ဂျပ်ပြည်နယ်ရှိ စစ်သွေးကြွများအား လက်နက်ခဲယမ်းထောက်ပံ့ပေးနေသူဟုစွပ်စွဲခံနေရသူဖြစ်သည်။ အလားတူ ပန်ဂျပ်ပြည်နယ်၌ပင် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါကစ္စတန်နိုင်ငံတောင်ပိုင်း မူလ်တန်မြို့၌ စစ်သွေးကြွသုံးဦးကို ထပ်မံဖမ်းဆီးခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန် လူမျိုးစုဒေသ ကန်ကင်းထောက်လေယာဉ်ပစ်ခတ်

အစ္စလမ္မာဘတ် မတ် ၁၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးစုဒေသအတွင်းရှိ တာလီဘန်တို့ပုန်းအောင်းရာနေရာကို ပစ်မှတ်ထား၍ မတ် ၁၆ရက်၌ အမေရိကန်ကင်းထောက်လေယာဉ်များက ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်ရာ သုံးဦးထက်မနည်းသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ဒေသဆိုင်ရာသတင်းရပ်ကွက်ကမူ အာဖဂန်နယ်စပ် မြောက်ဝါဇီရစ္စတန်ဒေသရှိ ဒတ်တာခယ်လ်မြို့၌ ကန်ကင်းထောက်လေယာဉ်များ၏ ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုအတွင်း လေးဦးထက်မနည်းသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိသွားသည်ဟုဆိုသည်။ အမ်အင်န်အေ၊ဆင်ဟွာ

အိုင်တီနည်းပညာသစ် ထုတ်ကုန်အသစ်များမြင်တွေ့ရမည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ

အမေး၊အရေး-မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-သက်နိုင်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၇

အိုင်တီနည်းပညာက အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာသည်။ လူတိုင်း အိုင်တီနည်းပညာသိရှိရန် လိုအပ်သလို လက်တွေ့အသုံးပြုနိုင်ရန်လည်း လိုအပ်သည်။ အသစ်အသစ် နေ့စဉ်ဖြစ်ထွန်းနေသော အိုင်တီနည်းပညာကိုလည်း မျက်ခြည်မပြတ်တမ်း လေ့လာနေရန် လိုအပ်သလို အိုင်တီထုတ်ကုန်အသစ်များကိုလည်း ထိတွေ့လေ့လာသိရှိအသုံးပြုနိုင်ရန် လိုအပ်သည်။

“ပြည်သူတွေကို အိုင်တီနည်းပညာနှင့် ထုတ်ကုန်တွေ လေ့လာစေချင်လို့ပါပဲ”

ဦးဇော်မင်းဦး။

“စာမေးပွဲတွေ မပြတ်တမ်း ကျင်းပပေးနေပါတယ်”

ဦးရဲရင့်ဝင်း။

“ပြခန်းပေါင်း ၁၅၉ခန်း ပါဝင်ပြသကြမှာဖြစ်ပါတယ်”

ဦးငြိမ်းဦး။

စဉ်ဆက်မပြတ်

မြန်မာနိုင်ငံတွင် ပြည်သူများအနေဖြင့် ခေတ်ပေါ်အိုင်တီနည်းပညာများနှင့် ထုတ်ကုန်ပစ္စည်းအသစ်များကို စဉ်ဆက်မပြတ် သိရှိစေရန် အိုင်တီပြပွဲများ ကျင်းပပေးလျက်ရှိသည်။

ပူးပေါင်း

ယခုအခါ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ကြီးမှူးပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကာ **“မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာပြပွဲ(၂၀၁၀ ခုနှစ် မတ်လ)”**ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၁၉ရက်မှ ၂၁ရက်အထိ ခင်းကျင်းပြသတော့မည်ဖြစ်သည်။

မေးမြန်း

ထို့ကြောင့် မြန်မာ့အလင်းသတင်းအဖွဲ့က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်သို့ သွားရောက်ကာ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူအချို့နှင့်တွေ့ဆုံပြီး ပြပွဲခင်းကျင်းပြသမှုနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်။

ပါဝင်

“ဒီနှစ်အတွင်းမှာတော့ အိုင်စီတီနဲ့ပတ်သက်ပြီး ပြပွဲကျင်းပတာ ဒုတိယမြောက်ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလို အိုင်စီတီပြပွဲတွေ ကျင်းပပေးနေတာဟာ ပြည်သူတွေ အထူးသဖြင့် လူငယ်တွေအနေနဲ့ နောက်ဆုံးပေါ်အိုင်တီနည်းပညာနဲ့ ထုတ်ကုန်ပစ္စည်းအသစ်တွေကို ထိတွေ့သိရှိနိုင်အောင်လို့ ဖြစ်ပါတယ်။ နောက်ပြီးအိုင်တီနဲ့ ပတ်သက်တဲ့ ကုမ္ပဏီတွေ အချင်းချင်း ပူးပေါင်းဆက်စပ်မှုပိုမိုဖြစ်ထွန်းပြီး အတွေးသစ် အမြင်သစ်တွေဖြစ်ပေါ်စေဖို့ အတွက်လည်း ပါဝင်ပါတယ်”ဟု ပြပွဲကျင်းပရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းဦးက ရှင်းပြသည်။

(၁၂)ကြိမ်

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ပူးတွဲပြီး အိုင်စီတီပြပွဲများ ကျင်းပလျက်ရှိရာ ယခုနှစ်အတွင်း တပ်မတော်ပြခန်းတွင် ပထမဆုံးခင်းကျင်းပြသခြင်းဖြစ်သော်လည်း ၂၀၀၆ ခုနှစ်မှ စတင်ကာ အိုင်စီတီပြပွဲပေါင်း ယခုအကြိမ်အပါအဝင်(၁၂)ကြိမ်ရှိပြီဖြစ်သည်။

ထပ်မံပြသမည်

“ကျွန်တော်တို့အနေနဲ့ အိုင်စီတီနည်းပညာနဲ့ ထုတ်ကုန်ပစ္စည်းတွေကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် အခုလို ပြပွဲမျိုးတွေ တစ်နှစ်ကိုနှစ်ကြိမ် အနည်းဆုံး ခင်းကျင်းပြသဖို့ စီစဉ်ထားပါတယ်။ တပ်မတော်ခန်းမမှာ ဒီနှစ်အတွင်း နောက်ထပ်တစ်ပွဲ ထပ်မံပြသသွားဖို့လည်း အစီအစဉ် ရှိပါတယ်”ဟု ဦးဇော်မင်းဦးက ဆက်လက် ရှင်းပြသည်။

တတ်စွမ်းသမျှ

နိုင်ငံတကာတွင် အိုင်တီနည်းပညာသစ်များနှင့် ထုတ်ကုန်ပစ္စည်းအသစ်များ နေ့စဉ်နီးပါးထွက်ရှိနေရာ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့က အိုင်စီတီပြပွဲများအပြင် ဆွေးနွေးပွဲများ၊ စာမေးပွဲများလည်း ကျင်းပပေးကာ အိုင်စီတီနှင့်ပတ်သက်ပြီး တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက်ရှိသည်။

မြင်တွေ့ရမည်

“အခုခင်းကျင်းပြသမယ့် အိုင်စီတီပြပွဲမှာ ပြခန်းပေါင်း ၁၅၉ ခန်းပါဝင်မှာဖြစ်ပါတယ်။ အိုင်စီတီကုမ္ပဏီပေါင်း၇၁ခု ပါဝင်ပါတယ်။ ဒီပြခန်းတွေမှာ လက်ရှိနိုင်ငံတကာအသုံးပြုမှုများနေတဲ့ နုတ်ဘွတ်ခ် ကွန်ပျူတာတွေ၊ ကြိုးမဲ့နက်ဝပ်ခ် နည်းပညာတွေ၊ ဟက်ဒ်ဝဲလ်တွေနဲ့ တယ်လီဖုန်းတွေကို ခင်းကျင်းပြသကြမှာပါ။ အရင်ပြပွဲတွေနဲ့ မတူတာကတော့ ဒီနေ့ကမ္ဘာကျော်နေတဲ့ အိုင်တီထုတ်ကုန် အမျိုးအစားအသစ်တွေကိုတစုတစည်းတည်း မြင်တွေ့ကြရမှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူး ဦးငြိမ်းဦးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ခင်းကျင်းပြသမည်

မကြာမီ ခင်းကျင်းပြသတော့မည့် အိုင်စီတီပြပွဲ၌ ဆော့ဖ်ဝဲလ် သီးသန့်ထုတ်လုပ်မှု၊ ယာဉ်နှင့်ရွှေ့လျားပစ္စည်းများ ထိန်းချုပ်မှုစနစ်၊ နက်ခ်ဘွတ်ခ်၊ ဘွတ်ခ်တော့ စသည့်ပစ္စည်းများနှင့် နည်းပညာသစ်များကို မြင်တွေ့ကြရမည်ဖြစ်သည်။

ပြခန်းများ

ယခုပြပွဲတွင်မဟာရွှေမြင့်မိုရ်၊ အိုင်စီအီး၊ Lucky Bird၊ ကေအမ်ဒီနှင့် Access Spectrum စသည့် အိုင်စီတီကုမ္ပဏီများကလည်း ပြခန်းများ ပါဝင်ခင်းကျင်းပြသကြမည်ဖြစ်သည်။

အမြင်သစ်

“ဒီပြပွဲကို လာရောက်လေ့လာရင် မြန်မာနိုင်ငံရဲ့ အိုင်တီလောကမှာ ထင်ထင်ရှားရှားရပ်တည်နေတဲ့ ကုမ္ပဏီတွေရဲ့ ထုတ်ကုန်ပစ္စည်းတွေ၊ နောက်ဆုံးပေါ်ခေတ်မီ အိုင်တီနည်းပညာတွေ၊ အိုင်တီပညာရပ်ဆိုင်ရာသင်တန်းတွေကို လေ့လာခွင့်ရရှိကြမှာဖြစ်ပါတယ်။ အိုင်တီနဲ့ပတ်သက်ပြီး အမြင်သစ်၊ အတွေးသစ်တွေ ဖြစ်ပေါ်စေမှာပါ”ဟု ဦးငြိမ်းဦးက ဆက်လက်ရှင်းပြသည်။

စာမေးပွဲများ

ထို့အပြင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူး ဦးရဲရင့်ဝင်းကလည်း “ကွန်ပျူတာ ပညာရှင်အသင်းအနေနဲ့ ဆော့ဖ်ဝဲလ်အင်ဂျင်နီယာစာမေးပွဲနဲ့ နက်ဝပ်ခ်ပရိုဂရမ် စာမေးပွဲတွေ ကျင်းပပေးနေပါတယ်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က အကောင်အထည်ဖော်မယ့် IT PEC စာမေးပွဲကိုလည်းတစ်နှစ် နှစ်ကြိမ်ကျင်းပသွားမယ်”ဟု ရှင်းပြသည်။

ထို့အပြင် ၎င်းက ဆက်လက်ပြီး “လာမယ့် အောက်တိုဘာမှာ အိုင်တီပတ်စ်ပို့ စာမေးပွဲလည်း စစ်ဆေးမယ်၊ အိုင်တီနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်အောင် ပြပွဲတွေသာမကပဲ စာမေးပွဲတွေ မပြတ်တမ်း ကျင်းပစစ်ဆေးမှုတွေဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အခွင့်အလမ်းကောင်း

ထို့ကြောင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (၂၀၁၀ခုနှစ် မတ်လ)ကို မကြာမီ ခင်းကျင်းပြသတော့မည်ဖြစ်ရာ အိုင်တီနည်းပညာနှင့်ထုတ်ကုန်ပစ္စည်းများ လေ့လာနိုင်မည့် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံတွင်ပြည်သူများအနေဖြင့် ခေတ်ပေါ်အိုင်တီနည်းပညာများနှင့် ထုတ်ကုန်ပစ္စည်းအသစ်များကို စဉ်ဆက်မပြတ် သိရှိစေရန် အိုင်တီပြပွဲများ ကျင်းပပေးလျက်ရှိ ယခုအခါ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှကြီးမှူး ပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကာ “မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (၂၀၁၀ ခုနှစ် မတ်လ)” ကို ရန်ကုန်မြို့ ဒဂုံ မြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ်၁၉ရက်မှ ၂၁ရက်အထိ ခင်းကျင်းပြသတော့မည်။



နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

နီပေါအနောက်ပိုင်း၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

နီပေါနိုင်ငံအနောက်ပိုင်း နာဝါပါရာစီခရိုင်တွင် ကြက်နှင့်ဘဲများ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေသဖြင့် သုတ်သင်ရှင်းလင်းမှုများ ပြုလုပ်နေရကြောင်း နီပေါအရာရှိများက မတ် ၁၇ရက်၌ ပြောကြားသည်။

ကန်ဦးဆောင်သောတပ်ဖွဲ့ဝင်များ အာဖဂန်၌သေဆုံးခဲ့လေသမျှ

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံးလျက်ရှိသကဲ့သို့ အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များလည်း ထိခိုက်သေဆုံးလျက်ရှိကြောင်း အင်တာနက် သတင်းတစ်ရပ်၌ ဖော်ပြသည်။

၂၀၀၁ခုနှစ်မှစပြီး အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်၌ တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ရာ ၂၀၁၀ခုနှစ် မတ် ၁၇ရက်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၂၂ဦးသေဆုံးခဲ့ရပြီ ဖြစ်သည်။

ထို့အပြင် ဗြိတိသျှတပ်ဖွဲ့ဝင် ၂၇၅ဦးနှင့် အခြားနိုင်ငံစုံများမှ တပ်ဖွဲ့ဝင် ၃၉၂ဦးတို့လည်း သေဆုံးခဲ့ရပြီဖြစ်ကြောင်း အမေရိကန် စစ်ဘက်ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အာဖဂန်သမ္မတ တရုတ်သို့သွားရောက်မည်

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်ရန်နှင့် ဒေသရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးရန် တရုတ်နိုင်ငံသို့ လာမည့်သီတင်းပတ်အတွင်း အလည်အပတ်ခရီး ထွက်ခွာမည်ဖြစ်ကြောင်း အာဖဂန်နစ္စတန်အရာရှိများက မတ် ၁၇ရက်၌ ပြောကြားသည်။

ကမ္ဘောဒီးယား၌ အားကစားရုံတည်ဆောက်မည်

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ၁၅ဟက်တာကျယ်ဝန်းသော မြေဧရိယာပေါ်တွင် နိုင်ငံတကာအဆင့်မီ ဘောလုံးလေ့ကျင့်ရေးကွင်းပါဝင်သည့် အားကစားရုံကို အမေရိကန် ဒေါ်လာငါးသန်း အကုန်အကျခံကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား အားကစားအရာရှိများက မတ် ၁၇ရက်၌ ပြောကြားသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ နေတိုးသဘော်ပစ်ခတ်ခံရ

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းဒေသတွင် အာဖဂန်နစ္စတန်သို့ ဦးတည်ခုတ်မောင်းနေသော နေတိုးရေနံတင်သင်္ဘောတစ်စင်းကို ပါကစ္စတန်တိုက်ခိုက်ရေးသမားများက မတ် ၁၇ရက်၌ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ထိမှန်ပျက်စီးခဲ့ကြောင်း ပါကစ္စတန် အရာရှိများက ပြောကြားသည်။

တောင်ကိုရီးယားကုန်တင်သင်္ဘော ပြန်လွတ်လာ

တောင်ကိုရီးယားနိုင်ငံမှ ဓာတုပစ္စည်းများ တင်ဆောင်လာသော ကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ပြန်ပေးဆွဲခဲ့ရာမှ ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက မတ် ၁၇ရက်၌ သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒီအိုရိုမြို့တွင် မတ်၁၇ရက်နံနက်က မြေပြိုမှုဖြစ်ပွားရာ ငါးဦးသေဆုံးခဲ့ကြောင်း၊ အဆောက်အအုံအပျက်အစီးများကြားမှ ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိကြောင်း ဖိလစ်ပိုင်အရာရှိများက မတ်၁၇ရက်၌ ပြောကြားသည်။

ကွာလာလမ်ပူ၌ လက်ဝတ်ရတနာပြပွဲကျင်းပမည်

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၂၀၁၀ နိုင်ငံတကာ လက်ဝတ်ရတနာပြပွဲကို မတ် ၁၉ရက်မှ ၂၂ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါပွဲတော်၌ ပြခန်းပေါင်း ၁၈၀ခန့်ပါဝင်ပြသမည်ဟုမျှော်မှန်းထားရှိကြောင်း မတ်၁၇ရက်၌ မလေးရှားနိုင်ငံ ကုန်သွယ်ဖွံ့ဖြိုးမှုအဖွဲ့က ပြောကြားသည်။

အင်ဂိုလာနိုင်ငံ လူအန်ဒါမြို့၌ ရေလွှမ်းမှုဖြစ်ပွား

အင်ဂိုလာနိုင်ငံ လူအန်ဒါမြို့၌ မတ်၁၇ရက်နံနက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ ၁၂ဦးသေဆုံးပြီး နေအိမ်များ နစ်မြုပ်လျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း အင်ဂိုလာအရာရှိများက မတ်၁၇ရက်၌ ပြောကြားသည်။ ***(အောက်ပုံ)*** ***(အင်တာနက်)***

ပီလော၊ ငှက်ပျောတို့ အောင်မြင်ဖြစ်ထွန်းရာ ကျုံပျော်မှာ အလှပန်းဝေဖြာ

သတင်းခရီးသည် - သတင်းထောက်ထွန်းဇော်(စမ်းချောင်း)၊ ဓာတ်ပုံမှတ်တမ်း -သတင်းထောက်မြင့်အောင်(အလုံ)၊ စာမျက်နှာဖွဲ့စည်းမှု-လွဲလွဲဝင်း(မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၇

နွေဦးရာသီနံနက်ခင်း သတင်းဆောင်းပါးရေးသားရန်အတွက် ရန်ကုန်မြို့မှ ဧရာဝတီတိုင်းသို့ မော်တော်ယာဉ်ဖြင့် ခရီးထွက်ခဲ့သည်။ ခရီးစဉ်မှာ ရန်ကုန်မြို့မှ ၁၁၂မိုင်ကွာဝေးသော ဧရာဝတီတိုင်း ကျုံပျော်မြို့သို့....။

ပီလောပီနံခြံရှင် ဦးကျော်မြင့်နှင့် စိုက်ပျိုးရေးပညာရှင် ဦးဝင်းမြင့်(အစ္စရေးနိုင်ငံသို့ စိုက်ပျိုးရေးပညာရှင်စေလွှတ်ခြင်းခံရသူ) တို့က အောင်မြင်ဖြစ်ထွန်းသော ပီလောပီနံဥနှင့် အပင်တို့ကို ရှင်းပြစဉ်။ (မြန်မာ့အလင်း)

ကျုံပျော်မြို့သည် ရှေးနှစ်ပေါင်း ၆၀၀ကျော်က တည်ရှိခဲ့သော ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည်။ မွန်ဘာသာအရ ကြုပ်ပိဟု မွန်သံထွက်ဆိုရာ ကြုပ်သည် 'ချောင်း'ဟု အဓိပ္ပာယ်ရပြီး ပိသည် 'ဆုံ' ဟု အဓိပ္ပာယ်ရသည်။ ကြုပ်တရော်ဟုလည်း ခေါ်ဆိုကြသေးရာ တရော်သည် သုံးဟူ၍ဖြစ်ရာ ချောင်းသုံးချောင်းဆုံသော အရပ်ဟု အဓိပ္ပာယ်ရသည်။ ကျုံတရော်မှ ကျုံပျော်ဟု တဖြည်းဖြည်းပြောင်းလဲခေါ်ဆို ရေးသားခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ကျုံပျော်မြို့သည် ၁၇၉၃သမ ၇၆စတုရန်းမိုင်ရှိပြီး အရှေ့နှင့်အနောက် ၁၅ဒသမ ၅၈၆မိုင်၊ တောင်နှင့်မြောက် ၂၀ဒသမ ၅၄မိုင်ရှိသည်။ ရပ်ကွက်ကြီး လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၈၈အုပ်စုနှင့် ကျေးရွာခွဲပေါင်း ၂၂၇ရွာ ရှိသည်။ မြို့ပေါ်တွင် လူဦးရေ ၂၈၀၀၀ကျော်နေထိုင်ကြပြီး ကျေးလက်နေဦးရေမှာ ၁၈၅၀၀၀ ကျော်ရှိသည်။ အိမ်ခြေပေါင်း ၄၄၁၁၅ လုံး ရှိပြီး အိမ်ထောင်စုပေါင်း ၄၆၇၃၆စု ရှိသည်။

ကျုံပျော်မြို့၏အရှေ့ဘက်တွင် ဓနုဖြူမြို့နယ်နှင့် ပန်းတနော်မြို့နယ်၊ အနောက်ဘက်တွင် ရေကြည်မြို့နယ်၊ တောင်ဘက်တွင် ကျောင်းကုန်းမြို့နယ်၊ မြောက်ဘက်တွင် လေးမျက်နှာမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့ ရှိကြသည်။

ကျုံပျော်မြို့အဝင် ပန်းအလှစိုက်ကွက်နှင့် မြို့အဝင်ဆိုင်းဘုတ်ကို ဤသို့ စိုက်ထူထားသည်။ (မြန်မာ့အလင်း)



အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဖီးကြမ်းငှက်ပျောစိုက်ကွက်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဒါးကမြစ်သည် ကျောင်းကုန်းမြို့နယ်မှ ကျုံပျော်မြို့နယ်သို့စီးဝင်ရာ စိုက်ပျိုးရေကို လုံလောက်စွာ ရယူအသုံးပြုနိုင်သဖြင့် စပါးစိုက်ပျိုးမှု ဖြစ်ထွန်းသည်။

၂၀၀၉-၂၀၁၀ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေမှာ လျာထားဧက ၁၁၉၂၉၈ဧကအနက် စိုက်ပြီး ၁၁၉၃၀၁ဧကဖြစ်ရာ အထွက်နှုန်း ၈၀ ဒသမ ၂၁တင်း ဖြစ်၍အထွက်တင်းပေါင်း ၉၂၆၀၄၁၆ တင်းထွက်ရှိခဲ့သည်။ မိုးစပါးအောင်မြင်ခဲ့သလို ကျုံပျော်မြို့အနီးဝန်းကျင်တွင် နွေစပါးခင်းများကလည်း မျက်စိတစ်ဆုံး မြသားကမ္ဗလာခင်းထားသည့်နှယ် မြင်တွေ့ရသည်။

ကျုံပျော်မြို့နယ်နေ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်နိုင်ရန် (၂၅)ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့ ဆေးရုံသုံးရုံ၊ ပညာရေးအတွက် စာသင်ကျောင်းများမှာ အထက်တန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်းကိုးကျောင်းနှင့် မူလတန်းကျောင်း၂၂၀ ရှိသည်ဖြစ်ရာ ဒေသခံပြည်သူများအား ကျန်းမာရေးနှင့် ပညာရေးတို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးထားသည်။

ကျုံပျော်မြို့နယ်၏ အဓိကစားသုံးသီးနှံစိုက်ပျိုးမှုမှာ ငှက်ပျောနှင့် ပီလောပီနံ(ဒေသအခေါ် ကလော)တို့ ဖြစ်သည်။ ငှက်ပျောမှာ ဖီးကြမ်းငှက်ပျော၊ ရွှေငှက်ပျောနှင့် ဂျပန်မျိုးစပ် ရွှေဝါသီးမွှေးငှက်ပျောတို့ဖြစ်သည်။

ကျုံပျော်မြို့နယ်ရှိ ကျေးရွာ ၂၅ အုပ်စုတွင် ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ငှက်ပျောစိုက်ဧကမှာ ၁၄၇၁၅ ဧကနှင့် ပီလောပီနံစိုက်ဧကမှာ ၁၆၀၈၃ ဧကတို့ဖြစ်သည်။ ငှက်ပျောနှင့် ပီလောပီနံကို စီးပွားဖြစ်စိုက်ပျိုးကြသည်ဖြစ်ရာ ဝင်ငွေလည်းကောင်းကြသည်။

အဆင်ပြေလွယ်ကူ

ငှက်ပျောစိုက်ကွက်တွင် ကြားသီးနှံအဖြစ် ပဲမျိုးစုံ စိုက်ပျိုးကြပြီး အဓိကမတ်ပဲကို ဦးစားပေးစိုက်ပျိုးကြသည်။ ယခင်က ကျုံပျော်မှထွက်သော ငှက်ပျောများကို ရေလမ်းမှ စက်လှေ၊ မော်တော်တို့ဖြင့် ရန်ကုန်ဈေးကွက်ရှိရာ ကြည့်မြင်တိုင်ငှက်ပျောဒိုင်များသို့ တင်ပို့ခဲ့ကြရပြီး ယခုအခါ ငှက်ပျောကုန်သည်များမှာ နေ့စဉ်သွားလာရေး အဆင်ပြေလွယ်ကူလျက်ရှိသောကြောင့် ကားများဖြင့် ငှက်ပျောစိုက်ကွက်ခြံများသို့ တိုက်ရိုက် လာရောက်ခုတ်ယူ သယ်ဆောင်လျက် ရှိကြသည်။ ကျုံပျော်ငှက်ပျောကား နာမည်ကြီးသည်။ ရန်ကုန်ဈေးကွက်တွင် ဝယ်လိုအားကောင်းသည်။ အနံ့ရော အရသာပါ ထူးခြားကောင်းမွန်သည်။

ပီတိဖြစ်မိ

ကျုံပျော်မြို့နယ်အနေဖြင့် အဓိကစားသုံးသီးနှံနှင့် အစားထိုးသီးနှံ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ ပီလောပီနံသီးနှံပင်မှာ များစွာအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အချိန်တိုအတွင်း ငွေပေါ်သော သီးနှံဖြစ်၍ စိုက်ပျိုးသူတို့ လွန်စွာမှ အဆင်ပြေကြ၍ စားဝတ်နေရေးအတွက် စိတ်အေးချမ်းသာမှုရှိနေကြသည်ကို စာရေးသူကိုယ်တိုင် မြင်တွေ့ခံစား ပီတိပွားခဲ့ရသည်။

အထူးနှစ်သက်

ပီလောပီနံတစ်ဧကလျှင် အပင်ပေါင်း ၂၄၀၀ရှိရာ ပီလောပီနံသီးပေါ်ချိန်တွင် တစ်ဧကစိုက်ထားသော မိသားစုငါးဦးအတွက် မီးဖိုချောင်သုံး ထင်း၊ မီးသွေးဝယ်ရန်မလိုဘဲ ပီလောပီနံ စွန့်ပစ်ပစ္စည်းတို့က လောင်စာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည်။ လောင်စာအဖြစ် အသုံးပြုရာတွင် မီးတောက်အားကောင်းပြီး မီးရောင်မှာ ပြာလဲ့လဲ့ အရောင်ရှိ၍ ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှုမရှိခြင်းကြောင့် သုံးစွဲသူတို့ အထူးနှစ်သက်ကြသည်။ ပီလောပီနံပင်၏ အလယ်အူရိုးအမျှင်၊ ပီလောပီနံသီး၏ထိပ်၊ ခေါင်းဖြတ်စ၊ ခြစ်ဖတ်တို့သည်လည်း မွေးမြူရေး ငါးစာအဖြစ် အသုံးဝင်လှပြီး ငါးကြီးထွားမှုအားကောင်းလှသည်။

ပီလောပီနံမှုန့်ပြုလုပ်ရာတွင် ပီလောပီနံဥကို စက်ဖြင့်ကြိတ်ပြီး ကြိတ်ဖတ်များကို ရေဆေးသန့်စင်၍ နေပူပူတွင် တစ်ရက်တာလှန်းပြီးမှ အမှုန့်ဖြစ်အောင် ပြုလုပ်ရသည်။

ပီလောပီနံမှုန့်တွင် အကြမ်းမှုန့်နှင့် အချောမှုန့် နှစ်မျိုးရှိရာ အကြမ်းမှုန့်ကို သာဂူစေ့နှင့် အခြားမုန့်ပြုလုပ်ရာတွင် အသုံးပြုကြပြီး အချောမှုန့်ကို အဆင့်မြင့် စားကုန်လုပ်ငန်းတွင် ပုံစံမျိုးစုံဖြင့် အသုံးပြုကြသည်။ စားသောက်ကုန်ပစ္စည်းများတွင် အချောမှုန့်မပါ၍ မပြီးသလောက်ဖြစ်သည်။ ပြည်တွင်းသာမက ပြည်ပပို့ကုန်အဖြစ် ဝင်ရောက်နေရာယူထားပြီးဖြစ်ရာ မလေးရှား၊ စင်ကာပူ၊ တောင်ကိုရီးယား နိုင်ငံများက အလွန်နှစ်ခြိုက်ကြကြောင်း သိရသည်။

စီးပွားဖြစ်

ငှက်ပျောနှင့် ပီလောပီနံတို့ ထူးထူးခြားခြား စိုက်ပျိုးအောင်မြင်ကာ စီးပွားရေးလမ်းဖြောင့်နေသော ကျုံပျော်မြို့နယ်အား လေ့လာ၍ မကုန်နိုင်၊ စိတ်ဝင်စားဖွယ်ကောင်းပြီး တိုးတက်ဖွံ့ဖြိုးမှုများကလည်း နေရာတိုင်း၌ မြင်တွေ့နေရသည်။ "ကျုံပျော်မြို့ကဲ့သို့ အခြားနေရာများတွင် ငှက်ပျောနှင့် ပီလောပီနံတို့ကို စီးပွားဖြစ်အောင် စိုက်ပျိုးနိုင်လျှင်" ဟူသော အတွေးကား ရန်ကုန်သို့ အပြန်ခရီးတစ်လျှောက် ခေါင်းထဲက မထွက်တော့ပါချေ။ ။ **(မြန်မာ့အလင်း)**

ကျုံပျော်မြို့တွင်းလမ်းမကို ဤသို့ ကျယ်ကျယ်ပြန့်ပြန့်နှင့် သပ်သပ်ရပ်ရပ် တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းပဒေသာ အတိုအထွာ

မြန်မာ့အလင်း

ရန်ကုန် မတ် ၁၇

ဗန်းမော်အသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲ

ဗန်းမော်မြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို မတ် ၂၀ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံစေတီတောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်းဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဖောင်ကြီးအထက မြတ်ဆရာပူဇော်မည်

ဖောင်ကြီးအထကတွင် ၁၉၆၅ခုနှစ်မှ ၁၉၇၅ခုနှစ်အထိ တာဝန် ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို မတ်၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အိမ်ထောင်ရေးနှင့်အချစ် အတွေးအမြင်စာအုပ်ထုတ်ဝေ

အိမ်ထောင်ရေးနှင့်အချစ် အတွေးအမြင်စာအုပ်ကို စေတနာလှိုင် (ရေစကြို) ရေးသားပြီး အိမ်ထောင်ရေး၊ အချစ်ရေးနှင့်ပတ်သက်သော အကြောင်းအရာများကို တင်ပြရေးသားထား၍ ထုတ်ဝေဖြန့်ချီထားပြီဖြစ်ရာ ဖုန်း-၇၂၂၅၇၂ သို့ ဆက်သွယ်နိုင်သည်။

ညောင်လေးပင်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို မတ်၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ရွှေတိဂုံစေတီ အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အလက(၅) မရမ်းကုန်း မြတ်ဆရာပူဇော်ပွဲ

အလက(၅) မရမ်းကုန်း၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ်၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

မိုးကောင်းအသင်းမဂ္ဂဇင်းအတွက် စာမူများပေးပို့နိုင်

မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်)မှ မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ မိုးကောင်းမြို့သမိုင်းမှတ်တမ်းနှင့် ဓာတ်ပုံများ၊ ဆောင်းပါး၊ ဝတ္ထု၊ ကာတွန်းနှင့် ကဗျာများကို ဧပြီ ၃၀ရက် နောက်ဆုံးထား၍ ဖုန်း-၀၁-၅၀၃၁၉၈သို့ ဆက်သွယ်ပေးပို့နိုင်သည်။

ပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်) ဟောပြောပွဲ

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်) အမှုဆောင်ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ရန်အတွက် MERS for SMEs(Part-IV) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ ကုန်သည်/စက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ဟောပြောမည်ဖြစ်သည်။

ရွှေတောင်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို မတ် ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း သိမ်ကြီးဈေး(စီရုံ)ဒုတိယထပ် MCC သင်တန်းကျောင်းအောက်ထပ်ရှိ Gano Excel အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

သံတမန် ကျွမ်းကျင်သင်တန်းသားများ ပူဇော်ကန်တော့ပွဲ

အခြေခံ/အဆင့်မြင့် သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းသား သင်တန်းသူများ၏ အာစရိယပူဇော်ပွဲနှင့် သင်တန်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်ပွဲကို မတ် ၂၁ရက်(တနင်္ဂနွေနေ့) ညနေ၃နာရီတွင် ရန်ကုန်မြို့ နိုင်ငံခြားရေး ဝန်ကြီးဌာန မဟော်သဓာသင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၀-၁၈၀၉၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၁၇

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)၏ (၅၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့တော်စည်ပင်ဓမ္မာရုံ ရွှေတိဂုံဘုရားလမ်း ဒဂုံမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်အထက် အသင်းဝင်ကန်တော့ခံသက်ကြီး အဘိုး၊အဘွားများနှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင်သားသမီးများသည် အထောက်အထားမိတ္တူများဖြင့် မတ် ၂၀ရက်နောက်ဆုံးထား၍ နာယကဦးပြုံး ဖုန်း-၂၄၆၅၃၀၊ ဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေး ဖုန်း-၂၉၁၅၇၃၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းတင် ဖုန်း-၅၈၀၇၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးနိုင် ဖုန်း-၇၃၀၁၉၆၅၇၊ ဘဏ္ဍာရေးမှူးဒေါ်နွဲ့ရီ ဖုန်း-၀၉-၉၉-၂၄၅၇၀နှင့် ဒေါ်တင်မြင့်မင်း(ကံရာဇာ) ဖုန်း-၅၂၆၂၁၇ တို့သို့ ဆက်သွယ်ပေးပို့ကြပါရန်နှင့် အစည်းအဝေးသို့ ကျိုက်ထိုမြို့နယ်သူ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ကျိုက်ထိုမြို့ အထက (၁)မှ ဖိုးပြုံးချိုစာသင်ဆောင် ပြန်လည်တည်ဆောက်ရန်အတွက် အလှူငွေများပါဝင် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဝန်ကြီးဒေါက်တာကျော်မြင့် ဆရာဝန်၊ သူနာပြုများအား တွေ့ဆုံ

လူနာများအား စေတနာဖြင့် ပြုစုကုသပေးရန် မှာကြား

နေပြည်တော် မတ် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၃ရက် နံနက် ၈နာရီက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ အမျိုးသမီးလူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ အခပေးလူနာကုသဆောင်နှင့် ဆေးရုံမှခွဲစိတ်မွေးဖွားပေးခဲ့သည့် သုံးမြွှာပူးကလေးများနှင့် မိခင်အားကျန်းမာရေး စောင့်ရှောက်ပေးနေမှု၊ အမျိုးသားလူနာ ကုသဆောင်၊ သွားနှင့်ခံတွင်း ကုသခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းမှာကြားခဲ့သည်။

ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် နံနက် ၁၁နာရီက ရေဝတီတိုင်း မော်လမြိုင်ကျွန်းမြို့သို့ရောက်ရှိပြီး ခုတင် (၁၀၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးရာ ဝန်ကြီးအား ရှင်းလင်းဆောင်ဒ္ဒ ဆောက်လုပ်ရေး တာဝန်ရှိသူများက ဆေးရုံဆောက်လုပ်ပြီးစီးမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံသစ်ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး **(အပေါ်ယာပုံ)**ပြီး လူထုကျန်းမာရေး စောင့်ရှောက်မှုသင်တန်းခန်းမ၌ တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး၊ မြို့နယ် ကျန်းမာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မိမိတို့ မြို့နယ်ဆေးရုံ အဆင့်မြင့်ဆောင်ရွက်နေမှုနှင့် ပိုမိုတိုးတက်အောင် ဝိုင်းဝန်း ကူညီပံ့ပိုးကြရန် ဆွေးနွေးမှာကြားခဲ့သည်။

နွေးထွေးစွာကြိုဆို

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဘိုကလေးပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ဆရာဝန်၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လူနာနှင့်လူနာရှင်များအား နွေးထွေးစွာကြိုဆို၍ စေတနာဖြင့် ပြုစုကုသပေးကြရန်ဆိုသည်ကို ဆေးရုံလုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ဆေးရုံ တည်ဆောက်ရေး စီမံကိန်းနှင့် ဖျာပုံမြို့နယ် ခုတင် (၂၀၀)ဆံ့ဆေးရုံ အဆောင်သစ် တည်ဆောက်နေမှု လုပ်ငန်းခွင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွားရေးဆိုင်ရာ ဒီပလိုမာသင်တန်းများ ဖွင့်မည်

ရန်ကုန် မတ် ၁၇

ပြည်တွင်း၊ ပြည်ပ၌ အောင်မြင်သော စီးပွားရေးပညာရှင်များ ဖြစ်လာစေရန် သင်ကြားမှုပုံစံသစ်ဖြစ်သည့် Activity, Task, Assignment ပုံစံတို့ဖြင့် စဉ်ဆက်မပြတ် သင်ကြားမှုစနစ်ဖြင့် Level 3 ဒီပလိုမာအဆင့် စီးပွားရေးဆိုင်ရာ ဈေးကွက်နှင့် စီမံသင်တန်းကို နိုင်ငံတကာ Business Management & Marketing ဘာသာရပ်အတွေ့အကြုံရှိ ဆရာများက စာတွေ့လက်တွေ့ ဟန်ချက်ညီ သင်ကြားပို့ချမည့် သင်တန်းကို Noble Nine Education က ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက် ဖြေဆိုထားပြီးသူများအတွက် ဧပြီ ၁ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတွင် ကွန်ပျူတာအသုံးချ စီးပွားရေးဘာသာရပ်များ၊ Foundation Unit များနှင့် Level 3 အဆင့် ဒီပလိုမာ Unit များဖြစ်သည့် Investigating Business Resources, Working in Administration, Projects, Management Accounting, Human Resource Management, Exploring Team Development, Health and Safety in Workplace, Internet and e-Business, Computer Applications for Financial Management စသည့် ဘာသာရပ်များ ပါဝင်သည့် Unit-18 ခုသင်ကြားမည်ဖြစ်သည်။ သင်တန်းကာလ တက်ရောက် ပြီးဆုံးပါက ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင် အခွင့်အလမ်း သာလွန်ကောင်းမွန်သော Level 3 အဆင့် Diploma အောင်လက်မှတ် ရရှိမည်ဖြစ်သည်။ အဆိုပါ သင်တန်းပြီးဆုံးသူများအနေဖြင့် Noble Nine Education က ပေးအပ်သော Certificate နှင့် စင်ကာပူသမ္မတနိုင်ငံရှိ Sunderland College က ပေးအပ်သော ဒီပလိုမာ Certificate တို့ကို ရရှိမည်ဖြစ်သည်။

လက်ခံ

သင်တန်းတက်ရောက် လိုသူများသည် (၂၀၀၉-၂၀၁၀)ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုထားပြီးသူများအပြင် တက္ကသိုလ်ကောလိပ် တက်ရောက်နေသူများပါ လျှောက်ထားနိုင်မည်ဖြစ်ပြီး အထူးအစီအစဉ်အနေဖြင့် သင်တန်းကြေးကို ၁၅ ရာခိုင်နှုန်းလျှော့၍ လက်ခံမည်ဖြစ်သည်။

စုံစမ်းနိုင်

အသေးစိတ်သိရှိလိုပါက အမှတ် ၇ ဝတ်ကျောင်းလမ်း ရေကျော် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၆၉၁၅၊ ၀၁-၇၃၀၀၂၉၆၆ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၈-၃-၂၀၁၀

(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၅၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၅:၀၀ ၇။ မွေးမြူသုတ
- ၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၁။ လျှပ်တစ်ပြက်
- ၆:၂၅ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆:၄၀ ၁၃။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၂၂)
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၃၁)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ အနုပညာရှင်၏တစ်နေ့တာ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ကမ္ဘာ့ည်းတင်မယ့် ချင်သူရဲကောင်း** (အပိုင်း-၆)

Kaung Myat Myanmar Amateur Open (2010)

ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Kaung Myat Co.,Ltd. မှ အဓိကကူညီပံ့ပိုးသော Kaung Myat Myanmar Amateur Open (2010) ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၃ရက်မှ ၂၆ရက်အထိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်ပြု

ပြိုင်ပွဲတွင် အပျော်တမ်းအဆင့် (Handicap 0-12) အဆင့်ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။

အဆိုပါ ပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် (Hole-in-One) ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်မည်ဖြစ်သည်။

အမည်စာရင်းပေးသွင်း

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် မတ် ၂၁ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၈၃၀၀၅၆၉၊ ၀၁-၆၅၁၃၇၄နှင့် ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)တို့၌ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ပံ့ပိုးကူညီ

အဆိုပါ ပြိုင်ပွဲကို Main Sponsor အဖြစ် Kaung Myat Co.,Ltd. က အဓိက ကူညီပံ့ပိုးပြီး ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)တို့ကလည်း ထပ်မံပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

နေပြည်တော် မတ် ၁၇

၁။ **ကမ္ဘာ့တစ်ဝန်းကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီအထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော နိုင်ငံပေါင်း ၆၁နိုင်ငံရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီအတွင်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ အချို့အပါအဝင် နိုင်ငံခုနစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိကြောင်း သိရှိရသည်။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံ ၁၅နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)လူသို့ကူးစက်မှု ၄၇၁ဦးရှိပြီး ၂၈၂ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေး ရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဥစားကြက် မွေးမြူရေးခြံတစ်ခြံ၌ ဖြစ်ပွားသဖြင့် ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

၃။ **ရောဂါကာကွယ်ထိန်းချုပ်ရေး**

အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အလေးထား ဆောင်ရွက်ရန်၊

(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊

(ဂ) ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့လွှင့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(ဃ) ကြက်ငှက်များ သံသယဖြစ်ဖွယ် သေဆုံးကြောင်း သိရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်း သတင်းပို့ရန်၊

(င) ကြက်ငှက် အသား၊ ဥတို့ကို ကျက်အောင် ချက်ပြုတ်စားသုံးရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်

တီဘီလီဆီ မတ် ၁၇

ဂျော်ဂျီယာနိုင်ငံမှ အဘွား အန်တီဆာဗီချာဗား(ဝဲပုံ)သည် အသက် ၁၃၀ရှိပြီဖြစ်၍ ကမ္ဘာ့အသက်ရှည်ဆုံး လူသားဖြစ်လာကြောင်း ၎င်း၏မိသားစုဝင်များက ပြောကြားသည်။

အဘွား ဗီချာဗားသည် ယခုအခါ သူ၏ သားသမီး၊ မြေးမြစ်များနှင့်အတူ ဂျော်ဂျီယာနိုင်ငံ ကော်ကေးဆပ်တောင်တန်းဒေသရှိ ကျေးရွာတစ်ရွာ၌ ကျန်းမာပျော်ရွှင်စွာ နေထိုင်လျက်ရှိကြောင်း ဂျော်ဂျီယာရုပ်မြင်သံကြားက ထုတ်လွှင့်ပေးခဲ့သည်။

အဘွား ဗီချာဗား၏ မှတ်ပုံတင်တွင် ၁၈၈၀ပြည့်နှစ်က မွေးဖွားခဲ့ကြောင်း ဖော်ပြထားသည်။ ***(အင်တာနက်)***

တီးတိန်မြို့၌ မော်တော်ယာဉ်တစ်စီး တိမ်းမှောက် တစ်ဦးသေ၊ ငါးဦးဒဏ်ရာရရှိ

နေပြည်တော် မတ် ၁၇

ချင်းပြည်နယ် တီးတိန်မြို့နယ် ဗားလုံကျေးရွာမှ လမ်းခင်းကျောက်များ တင်ဆောင်၍ တီးတိန်မြို့သို့ မောင်းနှင်လာသည့် အီဆူဇူးယာဉ်တစ်စီးသည် မတ် ၁၄ရက် မွန်းလွဲ ၂နာရီခန့်တွင် ဖုံ့ကန်ကျေးရွာအနီး ဘရိတ်ပေါက်ပြီး လမ်းဝဲဘက် ပေ ၁၅၀ခန့်အနက်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်လိုက်ပါလာသူတစ်ဦး သေဆုံးပြီး ယာဉ်မောင်းအပါအဝင် ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

အလားတူ မတ် ၁၅ရက် နံနက် ၈နာရီကျော်ခန့်တွင် ပုသိမ်မြို့နယ် မကျီးကျေးရွာမှ ပုသိမ်မြို့သို့ မီးသွေးအိတ်များ တင်ဆောင်လာသည့် ဒိုင်နာခြောက်ဘီး ယာဉ်သည် ပုသိမ်-သာပေါင်းကားလမ်းပေါ်ရှိ ကျောက်ချောင်းကြီး တံတားပေါ်မှ ဖြတ်သန်းမောင်းနှင်စဉ် တံတားကျိုး၍ ကားမှာ ပေ ၃၀ခန့်အနက် ရေထဲထိုးကျသွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်တွင် လူထိခိုက် ဒဏ်ရာရရှိမှုမရှိဘဲ တံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့ (၂)ပုသိမ်က ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဖွားသွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

Judo Dan Examination ကျင်းပ

ရန်ကုန် မတ် ၁၇

အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့်ကာယပညာ ဦးစီးဌာနတို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်နှင့် ဂျပန်နိုင်ငံ ကိုဒိုကန်ဂျူဒို Kodokan Judo Institute တို့ ပူးပေါင်း၍ Judo Dan Examination ကို မတ် ၁၆ရက်က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

အောင်မြင်

အဆိုပါ Judo Dan Examination သို့ မြန်မာ့ဂျူဒိုအားကစားသမား ၁၆ဦး ပါဝင်ဖြေဆိုကြရာ၌ (1)Danတွင် ၁၀ဦး၊ (2)Danနှင့် (3)Dan တို့တွင် တစ်ဦးစီ၊ (4)Dan တွင် လေးဦး စုစုပေါင်း ၁၆ ဦးစလုံး အောင်မြင်သည်။

Judo Dan Examination မပြုလုပ်မီ မြန်မာ့ဂျူဒိုအားကစားသမားများအား မတ် ၁၂ရက်မှ ၁၅ရက်အထိ ဂျပန်နိုင်ငံ ကိုဒိုကန်ဂျူဒို Kodokan Judo Institute မှ နည်းပြဆရာများဖြစ်ကြသော (6)Dan Sanshiro Yamamoto နှင့် (5)Dan Takayuki Yokoyama တို့က ဂျူဒိုအားကစားနည်းစနစ်များ လက်တွေ့ပြသပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

❒ ရှေ့ဖုံးမှ

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မတ် ၁၆ရက် နံနက် ၈နာရီတွင် စစ်တွေမြို့ရှိ ဗန္ဓုလခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

အလေးထားဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်သည် သဘာဝ မြစ်ချောင်းများ၊ တောင်ကုန်း၊ တောင်တန်းများ ပေါများသဖြင့် အခြားပြည်နယ်၊ တိုင်းများနှင့် ဆက်သွယ်သွားလာရေးတွင် အခက်အခဲရှိခဲ့၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရခိုင်ပြည်နယ်ကို အခြားပြည်နယ်၊ တိုင်းများနှင့် ဆက်သွယ်သွားလာမှုလွယ်ကူရေး အလေးထားဆောင်ရွက်ပေးခဲ့ကြောင်း။

ကားလမ်းမကြီး (၃)သွယ်ဖြစ်သည့် စစ်တွေ-အမ်း-မင်းဘူး-မကွေးလမ်း၊ သံတွဲ-တောင်ကုတ်-ပြည်လမ်း၊ ဌ-ငသိုင်းချောင်း - ရေကြည်လမ်းတို့ကို ဖောက်လုပ်ပေးခဲ့၍ ကုန်းလမ်းခရီးဖြင့် ရခိုင်ပြည်နယ်နှင့် အခြားပြည်နယ်နှင့် တိုင်းများ လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း။

ကောင်းမွန်အောင်စီစဉ်

လေကြောင်း ပို့ဆောင်ရေးတွင်လည်း သံတွဲနှင့် စစ်တွေလေဆိပ်များကို မူလကအခြေအနေထက် ပိုမိုကောင်းမွန်အောင် စီစဉ်ပေးခဲ့ကြောင်း။

ယခုအခါ စစ်တွေမှ ရန်ကုန်မြို့အထိ မီးရထားဖြင့် ခရီးသွားလာနိုင်ရန် စစ်တွေ-အမ်း-မင်းဘူး မီးရထားလမ်း ဖောက်လုပ်လျက်ရှိရာ ယမန်နှစ်က ပြီးစီးခဲ့သည့် စစ်တွေ-ရေချမ်းပြင်လမ်းအပိုင်းကို ဖွင့်လှစ်ပေးခဲ့၍ စစ်တွေမြို့သူမြို့သားများ လက်တွေ့ အသုံးပြုနိုင်ကြပြီဖြစ်ကြောင်း၊ စစ်တွေ-ပုဏ္ဏားကျွန်းလမ်းအပိုင်းကိုလည်း မကြာမီဖွင့်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ကျန်ရှိသည့် လမ်းအပိုင်းကိုလည်း ဆက်လက်ဖောက်လုပ်လျက်ရှိကြောင်း။

ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုကြောင့် လွယ်ကူကောင်းမွန်စွာဖြင့် အချိန်တိုအတွင်း မိမိတို့၏ လူမှုစီးပွားလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြပြီဖြစ်ကြောင်း။

အခြေခံကောင်းများရှိ

ရခိုင်ပြည်နယ်သည် လယ်ယာ၊ သား၊ ငါးနှင့် သစ်တောစသည့် သဘာဝသယံဇာတ အခြေခံကောင်းများရှိ၍ ယင်းတို့ကို အကျိုးရှိစွာ ထုတ်ယူသုံးစွဲနိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ကြောင်း။

အဆိုပါ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် အခြေခံပညာကဏ္ဍတွင် ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အဆင့်မြင့် ပညာကဏ္ဍ၌လည်း စစ်တွေမြို့တွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် တစ်ခုစီတို့ကို ဖွင့်လှစ်ပေးခဲ့၍ မိမိတို့ဒေသအတွင်း၌ပင် အဆင့်မြင့်ပညာများကို သင်ကြားနိုင်ကြပြီဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ

ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် ခုတင်(၂၀၀)ဆံ့ ပြည်နယ်ဆေးရုံကြီးကို တည်ဆောက်ပေးခဲ့ပြီး အထူးကုဆရာဝန်များကိုပါ ခန့်ထားပေးခဲ့သဖြင့် မိမိတို့ဒေသတွင်း၌ပင် ငွေကုန်ကြေးကျသက်သာစွာဖြင့် ဆေးဝါးကုသမှု ခံယူနိုင်ကြပြီဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး တိုင်းရင်းသားများအားလုံး ပြည်ထောင်စုကြီးအတွင်း၌ အတူတကွ စုပေါင်းနေထိုင်ကြသည်ဖြစ်၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားရေး။

နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရေး။

နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဖွံ့ဖြိုးမှု အခြေခံကောင်းများကို မိမိတို့၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစွာ အသုံးချပြီး ရေရှည်တည်တံ့အောင် သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်ရေး။

နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး (၃)ပါးကို လက်ခံယုံကြည်ပြီး ထိန်းသိမ်းစောင့်ရှောက်ရေး။

နိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်ကိုချစ်သည့် နိုင်ငံသားတိုင်း၏ တာဝန်အဖြစ်ခံယူပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေမြို့မှ မြို့မိမြို့ဖများအား အဝတ်အထည်၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘူးသီးတောင်မြို့၌ မြို့မိမြို့ဖများအား အဝတ်အထည်၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်တော်မြို့ ကစ္ဆပနဒီတံတားရိပ်သာ၌ မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေမြို့ရှိ ဗန္ဓုလခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးအ

❒ တိုင်းရင်းသားများအားလုံး ပြည်ထောင်စုကြီးအတွင်း၌ အတူတကွ စုပေါင်းနေထိုင်ကြသည်ဖြစ်၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ။

❒ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး (၃)ပါးကို လက်ခံယုံကြည်ပြီး ထိန်းသိမ်းစောင့်ရှောက်။

❒ နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်။

❒ နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဖွံ့ဖြိုးမှု အခြေခံကောင်းများကို မိမိတို့၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစွာ အသုံးချပြီး ရေရှည်တည်တံ့အောင် သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်။

❒ နိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်ကိုချစ်သည့် နိုင်ငံသားတိုင်း၏ တာဝန်အဖြစ်ခံယူပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်။

ကျောက်တော်မြို့ရှိ ကစ္ဆပနဒီတံတားကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

18-3 (08-09).pmd 1 3/18/2010, 2:19 AM

အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေမြို့မှ မြို့မိမြို့ဖများအား အဝတ်အထည်၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်၊ ခရိုင်



နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး လိုက်ပါလျက် စစ်တွေမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး နံနက် ၉နာရီခွဲတွင် ကျောက်တော်မြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမြင့်ဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တော်မြို့ ကစ္ဆပနဒီတံတားရိပ်သာ၌ မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဆောင်ရွက်ပေးမှု အခြေအနေကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ကျောက်တော်မြို့သည် ယခင်က ရေလမ်းခရီးကိုသာ အားကိုးသွားလာနေခဲ့ရာမှ ယခုအခါ စစ်တွေ-ရန်ကုန်ကားလမ်းနှင့် ဖောက်လုပ်ဆဲ မီးရထားလမ်းတို့ ဖြတ်သန်းရာမြို့ဖြစ်၍ မော်တော်ကား၊ မီးရထားတို့ဖြင့်ပါ သွားလာနိုင်တော့မည်ဖြစ်သဖြင့် ယင်းအခြေခံကောင်းကို အကျိုးရှိစွာ အသုံးပြု၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် အလုပ်ကို ကြိုးစားလုပ်ကိုင်သွားရန်။

ရေမြေကောင်းသော ဒေသဖြစ်၍ တစ်နှစ်လျှင် မိုးစပါးအပါအဝင် ဒေသနှင့်ကိုက်ညီသော သီးနှံကို အနည်းဆုံး နှစ်သီးရအောင် စိုက်ပျိုးရန်။

စိုက်ပျိုးရေးနှင့် မွေးမြူရေး ဆက်စပ်ဆောင်ရွက်နိုင်သည့် ပေါင်းစည်း လယ်ယာစနစ် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရန်။

နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများအား အဝတ်အထည်၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မဟာမြတ်မုနိဘုရားသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညိုသာလှနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာမြတ်မုနိဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာမြတ်မုနိဘုရားအတွက် အလှူငွေများကို ပေးအပ်ပြီး မဟာမြတ်မုနိဘုရား ဘက်စုံမွမ်းမံ ပြင်ဆင်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာမြတ်မုနိဘုရား ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တော်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး နံနက် ၁၁နာရီ မိနစ် ၅၀တွင် ချင်းပြည်နယ် ပလက်ဝမြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကျော်ကျော်ဦးနှင့် အုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပလက်ဝမြို့နေ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား စီမံဆောင်ရွက်ပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်တော်မြို့ရှိ မဟာမြတ်မုနိဘုရား၌ အလှူငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

...ဗန္ဓုလခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပလက်ဝမြို့ ကီမိုခန်းမ၌ မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

တည်ဆောက်ပေး

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများအပါအဝင် နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အခြေခံကောင်းများကို တည်ဆောက်ပေးမှုအခြေအနေ၊ ပလက်ဝမြို့သည် ရေလမ်းခရီးကိုသာ အားကိုးနေသဖြင့် ပလက်ဝ-ကျောက်တော် ကားလမ်း ဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကလေးများအား အမှန်တကယ် တတ်ကျွမ်းအောင် သင်ကြားပေးသည်သာမက စည်းကမ်းကောင်းသူ၊ အကျင့်စာရိတ္တကောင်းသူ၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသူများဖြစ်ရန် လေ့ကျင့်သင်ကြားပေးရေး၊ နိုင်ငံတော်က ဆောင်ရွက်ပေးထားသည့် ဖွံ့ဖြိုးမှုအခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချပြီး စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရန် အလုပ်ကို ဝီရိယထား ကြိုးစားလုပ်ကိုင်ရေး မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပလက်ဝမြို့ ကီမိုခန်းမ၌ မြို့မိမြို့ဖများအား အဝတ်အထည်၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများအား အဝတ်အထည်၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပလက်ဝမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး မွန်းလွဲ ၁နာရီခွဲတွင် ဘူးသီးတောင်မြို့သို့ရောက်ရှိကြရာ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်အောင်နိုင်နှင့် အုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့ ဗန္ဓုလခန်းမ၌ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့မှ မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

စည်းစည်းလုံးလုံး

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက တရားဥပဒေစိုးမိုးရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

စဉ်ဆက်မပြတ်ထိန်းသိမ်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မောင်တောခရိုင်သည် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိ၍ နိုင်ငံရေး၊ လုံခြုံရေးနှင့် စီးပွားရေးတို့တွင် အရေးပါသော ဒေသဖြစ်သဖြင့် နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်ရေး။

အကျိုးဖြစ်ထွန်း

ပြည်ထောင်စုကြီး၏ အဝန်းအဝိုင်းအတွင်း၌ စုပေါင်းနေထိုင်ကြသူများဖြစ်၍ နိုင်ငံတော်အကျိုးဖြစ်ထွန်းမှုကို ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရေးနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများအား အဝတ်အထည်၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကိုပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပြန်လည်ထွက်ခွာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြပြီး စစ်တွေမြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

...ဟင်မှ တွေ့ရစဉ်။

(သတင်းစဉ်)

● **ရှု့ဖွံ့မှု**

ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ကြမည့် စီမံကိန်းများအနက် အမှတ်(၂)စက်မှုဝန်ကြီးဌာနက ဆောင်ရွက်မည့် စီမံကိန်းများကို လေ့လာလိုစိတ်ဖြစ်ခဲ့သည်။ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် ပတ်သက်သည့် စက်ရုံ၊ အလုပ်ရုံများ၊ ထုတ်လုပ်သည့်ယာဉ်နှင့် စက်ပစ္စည်းများအကြောင်းကို သတင်းဆောင်းပါးများ အကြိမ်ကြိမ်ရေးသားခဲ့ဖူးသည်။ သတင်းခရီးစဉ်များလည်း အကြိမ်ကြိမ်သွားရောက်လေ့လာခဲ့ဖူးသည်။ ထို့ကြောင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းအသစ်များအကြောင်းကို ရေးသားရန် စိတ်အားထက်သန်ခဲ့ခြင်းလည်းဖြစ်သည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်မည့် အီလက်ထရစ်မော်တော်ယာဉ်ကို တွေ့ရစဉ်။ (စက်မှု-၂)

စီမံကိန်း

အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆက်သွယ်ကာ ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းများနှင့် ပတ်သက်ပြီး ဆက်သွယ်မေးမြန်းခဲ့ရာ လိုက်လံစွာ အကူအညီပေးခဲ့ကြသည်။ သတင်းအချက်အလက်များကို အတတ်နိုင်ဆုံးပြည့်စုံအောင် ကြိုးစားဆောင်ရွက်ပေးခဲ့ကြသဖြင့် စီမံကိန်းအသစ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို သိရှိခွင့်ရရှိခဲ့သည်။ အမှတ်(၂)စက်မှုဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းများမှာ တစ်တန်၊ တစ်တန်ခွဲနှင့် နှစ်တန် အရွယ်အစားရှိ အီလက်ထရစ်မော်တော်ယာဉ်များ ထုတ်လုပ်မှု၊ Solar Panel ထုတ်လုပ်မှုစီမံကိန်း၊ သောင်တူးစက်ငယ် ထုတ်လုပ်မှု စီမံကိန်း၊ စက်မှုသင်တန်းကျောင်း(မကွေး) စီမံကိန်း၊ တစ်ရက်သုံးတန်မှ ငါးတန်အထိကြိတ်ခွဲနိုင်သော ဆန်စက်ငယ်များ ထုတ်လုပ်မှု စီမံကိန်းတို့ဖြစ်သည်။

အီလက်ထရစ်မော်တော်ယာဉ်

အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် ယခင်က မော်တော်ယာဉ်အမျိုးမျိုးကို ထုတ်လုပ်ခဲ့သည့် အစဉ်အလာရှိသည်။ အရည်အသွေးကောင်းမွန်မှု၊ ကြံ့ခိုင်မှုနှင့် လက်တွေ့လုပ်ငန်းခွင်တွင် အသုံးပြုရလွယ်ကူမှုတို့ကြောင့် ဈေးကွက်၌လူကြိုက်များခဲ့သည်။ ယခုအီလက်ထရစ်မော်တော်ယာဉ်များ ထုတ်လုပ်ဦးမည်ဖြစ်သည်။ နိုင်ငံတကာတွင် မော်တော်ယာဉ်ထုတ်လုပ်မှု နည်းပညာများ တိုးတက်ပြောင်းလဲလာနေပြီဖြစ်ရာ အမှတ်(၂) စက်မှုဝန်ကြီးဌာနကလည်း ခေတ်နှင့်အညီ အီလက်ထရစ်မော်တော်ယာဉ်များထုတ်လုပ်ရန် စီစဉ်နေခြင်းဖြစ်သည်။

အကျိုးကျေးဇူး

အီလက်ထရစ် မော်တော်ယာဉ်များ ထုတ်လုပ်မှုနှင့်ပတ်သက်ပြီး အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြသသည့် သတင်းဓာတ်ပုံနှင့် အချက်အလက်များက စိတ်ဝင်စားစရာဖြစ်သည်။ အီလက်ထရစ်မော်တော်ယာဉ်များကို ကမ္ဘာနှင့်အဝန်း ပြောင်းလဲတိုးတက်နေသည့် နည်းပညာများနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် ထုတ်လုပ်ထားကြောင်း၊ လေထုညစ်ညမ်းမှု လျော့ကျစေသည့်အပြင် လောင်စာဆီသုံးစွဲမှု လျော့ကျစေသော အစီအစဉ်များဖြင့် ထုတ်လုပ်ထားကြောင်း စသည့်အကျိုးကျေးဇူးများကို သိရှိခဲ့ရသည်။

အရွယ်အစား

အီလက်ထရစ်မော်တော်ယာဉ်များကို တစ်တန်၊ တစ်တန်ခွဲနှင့် နှစ်တန်အရွယ်အစားများ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထိုမော်တော်ယာဉ် အရွယ်အစားများကို ရွေးချယ်ထုတ်လုပ်ရခြင်းမှာ လက်တွေ့လုပ်ငန်းခွင်၌ အသုံးဝင်မှုများသော အရွယ်အစားဖြစ်ခြင်းကြောင့်ဟု လေ့လာသိရှိရသည်။ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် အီလက်ထရစ်မော်တော်ယာဉ်များ ထုတ်လုပ်ရန် အချိန်ယူကာ စနစ်တကျ တွက်ချက်ပြီးနောက်ပိုင်း စီမံကိန်းရေးဆွဲချမှတ်ခဲ့ခြင်းဖြစ်ရာ အများအယွင်း နည်းနိုင်သမျှ နည်းရန်နှင့် အကျိုးကျေးဇူး များများရရှိစေရန် လေ့လာသုတေသန ပြုခဲ့ကြကြောင်းလည်း သိရှိခဲ့ရသည်။

အသုံးပြုနိုင်

အီလက်ထရစ် မော်တော်ယာဉ်များ ထုတ်လုပ်ပြီး မည်သည့်နေရာမျိုးတွင် အသုံးပြုနိုင်သည်ကို ဆက်လက်လေ့လာခဲ့သည်။ တစ်တန်၊ တစ်တန်ခွဲနှင့် နှစ်တန် အရွယ်အစားရှိ အီလက်ထရစ်မော်တော်ယာဉ်များ စီမံကိန်းအတိုင်း ထုတ်လုပ်နိုင်ပါက နိုင်ငံတော် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် လိုအပ်ချက်ကို အထောက်အပံ့ဖြစ်စေနိုင်သည်။ စက်ရုံ၊ အလုပ်ရုံ၊ လေယာဉ်ကွင်းနှင့် ဆေးရုံများတွင် လွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်သည်။ ကုန်ပစ္စည်းများ တစ်နေရာမှ တစ်နေရာသို့ သယ်ဆောင်ခြင်း၊ ခရီးသည်များ ပို့ဆောင်ရေး၌ အသုံးပြုနိုင်ခြင်းတို့ကို ပေါ့ပါးလွယ်ကူစွာ မောင်းနှင်သွားလာနိုင်သည်ဖြစ်ရာ သုံးစွဲသူတို့အတွက်လည်း လုပ်ငန်းအဆင်ပြေမည် ဖြစ်သည်။

Solar Panel ဖြင့် ရုပ်မြင်သံကြားနှင့် ကွန်ပျူတာအသုံးပြုနေသည်ကို တွေ့ရစဉ်။ (စက်မှု-၂)

ထုတ်လုပ်မည်

အမှတ်(၂) စက်မှုဝန်ကြီးဌာန အနေဖြင့် စက်သုံးဆီသုံးစွဲမှု လျော့ကျစေသည့်အပြင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်စေသော အီလက်ထရစ်မော်တော်ယာဉ်များ ထုတ်လုပ်မှုစီမံကိန်းအရ တစ်နှစ်လျှင် အစီးရေ ၂၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသဖြင့် အားရဖွယ်ပင်ဖြစ်သည်။ ယင်းမော်တော်ယာဉ်များကို ရန်ကုန်မြို့ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန မော်တော်ယာဉ်စက်ရုံ၌ ထုတ်လုပ်သွားရန် စီစဉ်ထားကြောင်းလည်း သိရသည်။

အကျိုးကျေးဇူးများစွာရရှိ

ကမ္ဘာတစ်ဝန်းတွင် လောင်စာဆီ အခက်အခဲကြုံတွေ့နေရသဖြင့် နိုင်ငံတိုင်းတွင် မိမိနိုင်ငံနှင့် ကိုက်ညီမည့် မော်တော်ယာဉ်များကို စမ်းသပ်တီထွင် ထုတ်လုပ်လျက်ရှိကြသည့် အချိန်တွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနကလည်း နိုင်ငံတော်အတွက် အကျိုးရှိစေမည့် အီလက်ထရစ်မော်တော်ယာဉ်များ ထုတ်လုပ်မည်ဖြစ်ရာ ကောင်းမွန်သည့် ဆောင်ရွက်ချက်ပင် ဖြစ်သည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး လေထုညစ်ညမ်းမှု လျော့ကျစေသဖြင့် လက်တွေ့အကျိုးကျေးဇူးများစွာရရှိစေမည့် စီမံကိန်းပင်ဖြစ်ကြောင်း ယုံကြည်မိသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်မည့် အီလက်ထရစ် မော်တော်ယာဉ်များကို တွေ့ရစဉ်။ (စက်မှု-၂)

ပြည့်စုံစွာသိရှိ

အီလက်ထရစ် မော်တော်ယာဉ်များ ထုတ်လုပ်မည့် စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို လေ့လာပြီးနောက် အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ Solar Panel ထုတ်လုပ်မှု စီမံကိန်းအကြောင်းကို ဆက်လက်လေ့လာဖြစ်ခဲ့သည်။ Solar Panel ထုတ်လုပ်မှုနှင့် ပတ်သက်ပြီး မေးမြန်းစုံစမ်းခဲ့ရာ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများမှတစ်ဆင့် လိုအပ်သည့် အကြောင်းအချက်များကို ပြည့်စုံစွာ သိရှိခဲ့ရသည်။



Solar Panel စီမံကိန်း

အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် ပတ်သက်သည့် သတင်းဆောင်းပါးများ ရေးသားခဲ့ဖူးသော်လည်း Solar Panel ထုတ်လုပ်မည့် စီမံကိန်းရှိကြောင်း ယခင်က မသိရှိခဲ့ချေ။ အမှတ်(၂) စက်မှုဝန်ကြီးဌာန အနေဖြင့် Solar Panel ထုတ်လုပ်လျှင် ကောင်းမည်ဟု အတွေးတစ်စဝင်ခဲ့ဖူးသည်က အမှန်ပင်။ ယခုတော့ စီမံကိန်းအဖြစ် ပေါ်ထွက်လာခဲ့ပြီ။ အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် အိမ်သုံးလျှပ်စစ်ပစ္စည်းများထုတ်လုပ်ပြီး ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရှိထားခဲ့သည်။ ယခုအခါ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ဖော်ထုတ်ပြီး ကမ္ဘာနှင့်အဝန်း တိုးတက်ပြောင်းလဲလာသည့် နည်းပညာများနှင့်အညီ Solar Panel ထုတ်လုပ်မှုစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်ကြောင်း သိရှိခဲ့ရသည်။

ရည်ရွယ်ချက်

Solar Panel ထုတ်လုပ်မှုစီမံကိန်း၏ ရည်ရွယ်ချက်ကလည်း ကောင်းမွန်သည်။ ပြည်သူများအတွက် လက်တွေ့ကျသော အကျိုးသက်ရောက်မှုကို ဖြစ်စေကြောင်း လေ့လာခဲ့ရသည်။ Solar Panel ထုတ်လုပ်မှု စီမံကိန်းကြောင့် Solar Panel ထုတ်လုပ်မှု နည်းပညာသစ်များရရှိစေရန်၊ Solar Panel ကို စစ်ဘက်နှင့် နယ်ဘက် သုံးပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရန်၊ စရိတ်သက်သာစွာဖြင့် နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အားကို ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်း ထိန်းသိမ်းလျှော့ချနိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ထုတ်လုပ်မည့် စီမံကိန်းဖြစ်ကြောင်း မေးမြန်းသိရှိခဲ့ရသည်။ သဘာဝတရားအရ အလျှံအပယ်ရရှိနေသော နေစွမ်းအင်ကို နည်းပညာအသုံးပြု၍ စွမ်းအင်ရရှိအောင် ဆောင်ရွက်ခြင်းဖြစ်ရာ ကြိုဆိုရမည့် စီမံကိန်းပင်ဖြစ်သည်။

ထုတ်လုပ်မည်

ထို့ကြောင့် Solar Panel များ မည်သည့်အတိုင်းအတာအထိ ထုတ်လုပ်မည် ဆိုသည့်အချက်ကို ဆက်လက်လေ့လာခဲ့သည်။

ထုတ်လုပ်ဖြန့်ဖြူး

ဈေးကွက်လိုအပ်ချက်အရ အသုံးပြုမည့် လျှပ်စစ်ဓာတ်အားအပေါ် မူတည်ပြီး Solar Panel များကို တစ်နှစ်လျှင် ၂မဂ္ဂါဝပ်အထိ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ Solar Panel များကို အမှတ်(၂)စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်မြို့ရှိ စက်ရုံတွင် အကောင်အထည်ဖော်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိခဲ့ရသည်။ Solar Panel များမှာ ပြည်တွင်း၌ သုံးစွဲမှုများပြားမည်ဖြစ်ရာ တွင်တွင်ကျယ်ကျယ် ထုတ်လုပ်ဖြန့်ဖြူးရမည်မှာ သေချာနေသည်။

ဆောင်ရွက်မှု

အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် Solar Panel ထုတ်လုပ်ရာတွင် Thin Film Solar Panel များ ထုတ်လုပ်မည့် စက်ပစ္စည်းများကို ဝယ်ယူတပ်ဆင်ပြီး ပြည်တွင်း၌ ထုတ်လုပ်သွားမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ဖော်ထုတ်သုံးစွဲနေကြပြီဖြစ်သည်။ ရုပ်ကြွင်းလောင်စာ စွမ်းအင်ကုန်ခန်းလာသော ယနေ့အချိန်တွင် စရိတ်သက်သာစွာဖြင့် နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အားကို ထုတ်ယူသုံးစွဲနိုင်သည့် Solar Panel များ ထုတ်လုပ်မှုစီမံကိန်းကလည်း ပြည်သူများအား ထိရောက်သော အကျိုးကျေးဇူးများပြုစေသည်မှာ အမှန်ပင်ဖြစ်သည်။

ဖြည့်ဆည်းပေး

ထို့ကြောင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်မည့် အီလက်ထရစ်မော်တော်ယာဉ်များနှင့် Solar Panel ထုတ်လုပ်မည့် စီမံကိန်းများကား နိုင်ငံတော်၏အကျိုး၊ ပြည်သူတို့၏အကျိုးကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။ **(သတင်းစဉ်)**

18-3 (10).pmd 1 3/18/2010, 2:19 AM

အားကစားသတင်း အတိုအထွာ

ဒိုဟာကမ္ဘာ့အင်ဒိုးပြေးခုန်ပစ်ပြိုင်ပွဲ၌ ချန်ဘာ ရွှေဆွတ်ခူး

ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့အင်ဒိုးပြေးခုန်ပစ်ပြိုင်ပွဲတွင် ဗြိတိသျှပြေးခုန်ပစ်သမား ဒီဝိန်းချန်ဘာသည် မီတာ ၆၀ အပြေးပြိုင်ပွဲ၌ ပြိုင်ဘက် ရော်ဂျာနှင့် ဒါနီယယ်ဘိုင်လေတို့ကို ကျော်ဖြတ်ကာ ယခုနှစ်၏ ကမ္ဘာ့အမြန်ဆုံးစံချိန် ၆ ဒသမ ၄ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။

ဘီအင်နိုပီပါရီဘက်စ်အိုးပင်း၌ ဒီဂျိုကိုဗစ် အနိုင်ရ

ဆားဗီးယားတင်းနစ်အကျော်အမော် ဒီဂျိုကိုဗစ်သည် ဘီအင်နိုပီပါရီဘက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပတ်လည်ပြိုင်ပွဲတွင် ပြိုင်ဘက် ဂျာမနီတင်းနစ်သမား ဖိလစ်ခိုလ်ရှရီဘာအား ၆-၃၊ ၂-၆၊ ၇-၆(၇-၃)ဖြင့် အနိုင်ရရှိခဲ့သည်။

ဘီအင်နိုပီပါရီဘတ်စ်အိုးပင်း၌ ဂျန်ကိုဗစ် အနိုင်ရ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်၌ ကျင်းပသော ဘီအင်နိုပီပါရီဘက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်ပတ်လည်ပြိုင်ပွဲ၌ ဆားဗီးယား တင်းနစ်မယ် ဂျီလီနာဂျန်ကိုဗစ်သည် ပြိုင်ဘက် အီတလီ တင်းနစ်မယ် ဆာရာအီရာနီအား ၂ နာရီ ၄၈ မိနစ်ကြာ ယှဉ်ပြိုင်ပြီးမှ ၂-၆၊ ၇-၆(၈-၆)၊ ၆-၄ဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၁၅ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပရန် ဗြိတိန်လျှောက်ထား

ဗြိတိန်နိုင်ငံသည် ၂၀၁၅ ခုနှစ် ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်သို့ လျှောက်ထားခဲ့သည်။

ကက်စလာအား အလဲထိုးအနိုင်ယူမည်ဟု ဗရော့ချ် ကတိပြု

ဗြိတိသျှ လက်ဝှေ့ကျော် ကားလ်ဖရော့ချ်သည် ၎င်း၏ ဒဗလျူဘီအေ စူပါမစ်ဒယ်ဝိတ်တန်းသရဖူ တတိယအကြိမ် ကာကွယ်ပွဲအဖြစ် ထိုးသတ်မည့် ဧပြီ ၂၄ရက် ပွဲစဉ်တွင် ပြိုင်ဘက်မီးခေးလ်ကက်စလာအား အလဲထိုးအနိုင်ယူမည်ဟု ကတိပြု ပြောကြားသည်။

ဟက်တန် လက်ဝှေ့ဆက်မထိုးရန် အမိရှံခန်း တိုက်တွန်း

လာမည့် မေ ၁၅ရက်တွင် ဒဗလျူဘီအေလိုက်ဝယ်လ်တာဝိတ်တန်းသရဖူ ပွဲဦးထွက် ကာကွယ်ပွဲအဖြစ် ပေါ်လီမာလစ်နက်ဂီနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် ပြင်ဆင်မှုများပြုလုပ်နေသော ဗြိတိသျှလက်ဝှေ့သမားအမိရှံခန်းက ချန်ပီယံဟောင်း ရစ်ကီ ဟက်တန်အနေဖြင့် အနားယူသင့်ပြီဟု အကြံပေးကာ လက်ဝှေ့ဆက်လက် ထိုးသတ်ခြင်းမပြုရန် တိုက်တွန်းပြောကြားခဲ့သည်။

အင်တာတိုက်စစ်မှုး ဘာလော့တယ်လီ အသင်းမှ ထွက်ခွာဖွယ်ရှိ

အာဆင်နယ်နှင့် မန်စီးတီးတို့က စာချုပ်ခေါ်ယူရန် စိတ်ဝင်စားနေသော အင်တာမီလန်တိုက်စစ်မှုး ဘာလော့တယ်လီသည် လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာဖွယ်ရှိသည်ဟု ဆိုသည်။

ဟာဘရီဂတ်စ်အား ခေါ်ယူရန် ဂျူဗင်းတပ်စ်ပြင်ဆင်

ဂျူဗင်းတပ်စ်အသင်းသည် အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂတ်စ်အား ခေါ်ယူရန် ပြင်ဆင်နေကြောင်းသိရသည်။

အက်ရှ်လေကိုးလ်အား ရီရဲမက်ဒရစ် မျက်စိကျ

အင်္ဂလန်လက်ရွေးစင်အသင်းနှင့်ချယ်လ်ဆီးဘယ်နောက်ခံလူ အက်ရှ်လေကိုးလ်အား ရီရဲမက်ဒရစ်က စာချုပ်ခေါ်ယူရန် မျက်စိကျနေသည်ဟုဆိုသည်။

ဆန်ဒရိုအား စာချုပ်ခေါ်ယူနိုင်မည်ဟု စပါးယုံကြည်

စပါးအသင်းသည် ဘရာဇီးအသင်း အင်တာနာစီယိုနယ်မှ အသက် ၂၂နှစ်ရှိ ကွင်းလယ်ကစားသမား ဆန်ဒရိုအား ပြောင်းရွှေ့ကြေး ပေါင်ခြောက်သန်းခွဲဖြင့် ယခုသီတင်းပတ်အကုန်တွင် အပြီးသတ်စာချုပ်ခေါ်ယူနိုင်မည်ဟု ယုံကြည်မျှော်လင့်နေသည်။

ခံစစ်မှုးဝိန်းဘရစ်ဂျ် တစ်လနားရမည်

မန်စီးတီးခံစစ်မှုး ဝိန်းဘရစ်ဂျ်သည် ပေါင်ခြံဒဏ်ရာခွဲစိတ်ကုသပြီးနောက် တစ်လခန့်အနားယူရမည်ဟုဆိုသည်။

ကမ္ဘာ့ဖလားတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဟု နဗီးလ်ယုံကြည်

အသက် ၃၅နှစ်ရှိ မန်ယူနှင့် အင်္ဂလန်လက်ရွေးစင်ခံစစ်မှုး ဂယ်ရီနဗီးလ်သည် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ ပွဲပေါင်း ၈၅ပွဲပါဝင်ကစားခဲ့ပြီးနောက် လာမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သုံးကြိမ်မြောက်ပါဝင်နိုင်ရန် ယုံကြည်မျှော်လင့်နေသည်ဟုဆိုသည်။ ။

ချစ်စိုးနိုင် - စုစည်းသည်

ချယ်လ်ဆီးအတွက် စိတ်မကောင်းပါဘူး ပွဲပန်းနေကြလို့ အင်အားပြည့်မကစားနိုင်ကြပါဘူး

မော်ရင်ဟို

အန်ဆယ်လော့တီ

မောင်မောင်မြင့်ဆွေ သုံးသပ်ရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၁၇

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များကို မတ် ၁၇ရက်က ဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။ ချယ်လ်ဆီးတို့ အိမ်ကွင်း၌ အင်တာမီလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးပွဲကြုံခဲ့သဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။ ထို့အတူ ဆီဗီလာကလည်း စီအက်စ်ကေအေမော်စကိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့သဖြင့် ချန်ပီယံလိဂ် အိပ်မက်ပျက်ပြယ်ခဲ့ရပြီဖြစ်သည်။ ထိုဘောလုံးပွဲစဉ်များအပြီး နည်းပြတို့၏ ဖွင့်ဟစကားအချို့ကို ဖော်ပြရပါလျှင်-



ဆီဗီလာနည်းပြ မာနိုလိုဂျိမ်းနက်ဇ်

မောင်ရင်ဟို (အင်တာမီလန်)

"ပွဲမကစားခင်ကတည်းက တိုက်စစ်နဲ့ ခံစစ် ဘယ်ဗျူဟာသုံးမလဲစဉ်းစားခဲ့တယ်။ တိုက်စစ်သက်သက်ပဲ အသုံးပြုတာထက်စာရင် ခံစစ်ပါမျှသုံးဖို့ ဆုံးဖြတ်ခဲ့တာပါ။ ဒီပွဲမကစားခင်ကတည်းက ကျွန်တော့်အသင်းနိုင်မယ်လို့ တွက်ထားပြီးပြီဆိုရင် ပိုလွန်းတယ်လို့ ထင်ကြလိမ့်မယ်။ ချယ်လ်ဆီးဟာ အသင်းကောင်းတစ်သင်းပါပဲ။ ဒါပေမယ့် ဘောလုံးပွဲမှာ အနိုင်ရဖို့ဆိုတာ နည်းပြရဲ့ အရည်အချင်းက အရေးကြီးပါတယ်။ ဒီပွဲနိုင်ဖို့ ကျွန်တော် အများကြီး အားထုတ်ခဲ့တာပါ။ ချယ်လ်ဆီးအတွက် စိတ်မကောင်းပါဘူး" ဟု ချယ်လ်ဆီးနည်းပြဟောင်းနှင့် လက်ရှိအင်တာမီလန်နည်းပြမော်ရင်ဟိုက ပြောကြားသွားပြီး အင်တာမီလန်တို့အနေဖြင့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

အန်ဆယ်လော့တီ(ချယ်လ်ဆီးနည်းပြ)

"အိမ်ကွင်းမှာ နိုင်ပွဲရလိမ့်မယ်လို့ ယုံကြည်မိခဲ့တာ အမှန်ပါပဲ။ ဒါပေမယ့် အင်တာမီလန်ကစားသမားတွေ ကစားသွားတာ အတော်လေးကောင်းပါတယ်။ ပွဲကိုလည်း ထိန်းချုပ်ကစားသွားနိုင်ကြတယ်။ ကျွန်တော်တို့ ဒီပွဲကို သေသေချာချာ ပြင်ဆင်ကစားခဲ့ပေမယ့် ကစားသမားတွေ ပွဲပန်းနေကြတာမို့ အင်အားပြည့် မကစားနိုင်ခဲ့ကြပါဘူး။ အင်တာမီလန်ကစားသမားတွေဟာ အနိုင်ရလဒ်နဲ့ ထိုက်တန်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အသင်း ချန်ပီယံလိဂ်ပြိုင်ပွဲက ထွက်ခဲ့ရလို့ ပရိသတ်အတွက် စိတ်မကောင်းပါဘူး" ဟု ချယ်လ်ဆီးနည်းပြအန်ဆယ်လော့တီက ပြောကြားခဲ့သည်။ ချယ်လ်ဆီးသည် အိမ်ကွင်း အဝေးကွင်း နှစ်ကျော့ရလဒ် တစ်ဂိုး-သုံးဂိုးဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။

လီရိုနစ်စလူစကီ (စီအက်စ်ကေအေမော်စကိုနည်းပြ)

"ကျွန်တော်တို့ရဲ့ ချန်ပီယံလိဂ်အိပ်မက်တွေ အကောင်အထည်ဖော်ခွင့် ဆက်လက်ရရှိခဲ့ပါပြီ။ ဒါကလည်း ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတာပါ။ ဆီဗီလာအသင်းဟာ အစဉ်အလာရှိတဲ့ အသင်းဖြစ်တာမို့ ကျွန်တော့်လူတွေ အတော်လေး ကြိုးစားအားထုတ်ခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့အသင်း သမိုင်းတစ်လျှောက်မှာ ပထမဆုံး ချန်ပီယံလိဂ် ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့တာမို့ ကျေနပ်ပါတယ်" ဟု စီအက်စ်ကေအေ မော်စကိုအသင်း နည်းပြ လီရိုနစ်စလူစကီက ပြောကြားခဲ့သည်။ စီအက်စ်ကေအေသည် ဆီဗီလာအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

မာနိုလိုဂျိမ်းနက်ဇ် (ဆီဗီလာနည်းပြ)

"အံ့သြစရာကောင်းတဲ့ရလဒ်ပါပဲ။ တကယ်ဆိုရင် ကျွန်တော့်အသင်းဟာ အနိုင်ကစားနိုင်တဲ့ ခြေစွမ်းရှိပါတယ်။ ဒါပေမယ့် အဆုံးသတ်ဂိုးသွင်းမှုအပိုင်းမှာတော့ စီအက်စ်ကေအေ တိုက်စစ်မှုးတွေက ပိုပြီးကောင်းတာမို့ အနိုင်ရရှိသွားပါတယ်။ ဒီပွဲရှုံးနိမ့်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲက ထွက်ခဲ့ရလို့ ဖိအားတွေ၊ ဝေဖန်မှုတွေ အများကြီးရှိလာမှာလည်း ကြိုတင်မျှော်လင့်ထားပါတယ်။ ပရိသတ်အတွက် ချန်ပီယံလိဂ်မျှော်လင့်ချက်တွေ ပျက်ပြယ်ခဲ့ရလို့ စိတ်မကောင်းပါဘူး" ဟု ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရသည့် ဆီဗီလာအသင်းနည်းပြ မာနိုလိုဂျိမ်းနက်ဇ်က ပြောကြားသွားခဲ့ပါကြောင်း။ ။ **(အင်တာနက်)**

စီအက်စ်ကေအေမော်စကိုနည်းပြ လီရိုနစ်စလူစကီ

ချယ်လ်ဆီး ချန်ပီယံလိဂ်ဖလား အိပ်မက်ပျက်ပြယ်သွားခဲ့ အင်တာနှင့် စီအက်စ်ကေအေတို့ ကွာတားသို့တက်ရောက်

မြင့်မောင်စိုး စုစည်းသည်

လန်ဒန် မတ် ၁၇

ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို မတ် ၁၇ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားကြရာ အင်တာမီလန်နှင့် စီအက်စ်ကေအေမော်စကိုတို့ ပြိုင်ဘက်အသီးသီးကို အနိုင်ရရှိကြပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

စီအက်စ်ကေအေအသင်းသားများ ဂိုးသွင်းအပြီး ဤသို့ပျော်မြူးခဲ့ကြသည်။ (အင်တာနက်)

မော်ရင်ဟို၏ အင်တာမီလန် အသင်းသည် အင်္ဂလန်မြေ စတမ်းဖို့ဒ်ဘရစ်ချ်တွင် အန်ဆယ်လော့တီ၏ ဥရောပချန်ပီယံလိဂ် အိပ်မက်ကို အဆုံးသတ် ပေးလိုက်ပြီဖြစ်သည်။ အင်တာမီလန် တိုက်စစ်မှုး အီတူးက ပွဲပြီးရန် ၁၁ မိနစ်အလိုတွင် အင်တာမီလန်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၈၇ မိနစ်တွင် တိုက်စစ်မှုး ဒရော့ဘာ နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရမှုမှာလည်း အန်ဆယ်လော့တီ၏ မျှော်လင့်ချက်ကို ကုန်ဆုံးစေခဲ့ခြင်းဖြစ်သည်။ ဒရော့ဘာသည် တီယာဂိုမော့တာအား ကြမ်းကြမ်းတမ်းတမ်း ကစားခဲ့၍ နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရခြင်း ဖြစ်သည်။

ပထမပိုင်းတွင် ဘောလက်နှင့် အနယ်လ်ကာတို့ ဂိုးသွင်းခွင့်များ ရခဲ့သော်ည်း လွဲချော်ခဲ့ရသည်။ ဒုတိယပိုင်း ပြန်စပြီးမကြာမီ မာလူဒါ အပိုင်ကန်သွင်းသော ဘောလုံးမှာလည်း အင်တာမီလန် ဂိုးသမား ဆီဇာကာကွယ်ပေးနိုင်ခဲ့၍ ချယ်လ်ဆီးတို့ ကံဆိုးခဲ့ရသည်။

မော်ရင်ဟို၏ အင်တာမီလန်သည် ပထမအကျော့အိမ်ကွင်းတွင်လည်း ချယ်လ်ဆီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဒုတိယအကျော့တွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့၍ နှစ်ကျော့ပေါင်း သုံးဂိုး-တစ်ဂိုးဖြင့် ကွာတားဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့သည်။

စီအက်စ်ကေအေမော်စကို

ရုရှားအသင်း စီအက်စ်ကေအေမော်စကိုသည် စပိန်မြေတွင် ဆီဗီလာအသင်းကို အနိုင်ကစားပြီး ကွာတားဖိုင်နယ်သို့တက်လာခဲ့ပြီဖြစ်သည်။ စီအက်စ်ကေအေမော်စကိုသည် ၁၉၉၃ခုနှစ်နောက်ပိုင်း ကွာတားဖိုင်နယ်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ပထမပိုင်း

စီအက်စ်ကေအေတို့ အဝေးကွင်း ကစားခဲ့ရသော်လည်း ပွဲချိန် ၃၉ မိနစ်တွင် နီဆစ်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးကို ဆီဗီလာကစားသမား ပါရေ့တီက ပြန်လည်တိုက်စစ်ဆင်ပြီး ချေပဂိုးသွင်းယူခဲ့သည်။ သို့သော် စီအက်စ်ကေအေတို့ ပွဲချိန် ၅၅ မိနစ်တွင် ဟွန်ဒါ၏ အနီးကပ်ဂိုးဖြင့် ပြန်လည်ဦးဆောင်ခဲ့သည်။

စီအက်စ်ကေအေ ကစားသမား မတ်ဂွန်ဇာလက် သွင်းယူသော ဘောလုံးကို ဆီဗီလာဂိုးသမားပါလော့ ကာကွယ်ပေးနိုင်ခဲ့သလို ဆီဗီလာကစားသမား ဖာဘီယာနို ကန်သွင်းမှုကိုလည်း စီအက်စ်ကေအေ ဂိုးသမားကာကွယ်ပေးနိုင်ခဲ့သည်။ ပွဲအပြီး စီအက်စ်ကေအေမော်စကိုက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ၎င်းတို့သည် ပထမအကျော့ပြိုင်ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ စီအက်စ်ကေအေမော်စကိုက နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ကစားပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ။ **(အင်တာနက်)**

အင်တာမီလန်မှအီတူး ချယ်လ်ဆီးဘက်သို့ ဂိုးသွင်းယူစဉ်။ (အင်တာနက်)

အဖျော်ယမကာ၊ စီးကရက်နှင့်သောက်ရေသန့်များ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရေး ရှင်းလင်းဆွေးနွေး

မန္တလေး မတ် ၁၇

မန္တလေး မဟာအောင်မြေမြို့နယ်အတွင်း ရောင်းချနေသည့် အဖျော်ယမကာများကို အခွန်အခပေးဆောင်၍ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပြီး တရားဝင်ရောင်းချစေရန်အတွက် အခွန်ထမ်းပြည်သူများအား လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို မတ်၃ရက် နံနက်ပိုင်းတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးငွန်တောင်းတို့က အခွန်လုပ်ငန်းစီမံချက်များ ရှင်းလင်းဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

အလားတူ ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနရုံး၌လည်း မတ် ၃ရက် မွန်းလွဲပိုင်းတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးညီညီလှိုင်က အခွန်ထမ်းပြည်သူများအား အခွန်အခများပေးဆောင်၍ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပြီး တရားဝင်ရောင်းချစေရန်အတွက် လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ **(၃၁၃)**

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ (၁၉၈၆-၁၉၉၃) အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ

အာစရိယပူဇော်ပွဲကို ၃-၄-၂၀၁၀ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ မဟာသန္တိသုခကျောင်းတော်၌ ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံညစာစားပွဲကို ညနေ ၆နာရီမှ ည ၉နာရီအထိ Traders Hotel Poolside တွင် ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ အမြန်ဆုံးဆက်သွယ်လှူဒါန်းကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဇော်သန့် ဖုန်း-၀၉-၅၁-၅၁၄၆၆၊ ကိုအောင်မိုးထူး ဖုန်း-၀၉-၅၁-၂၇၃၄၆၊ ကိုသီဟခိုင် ဖုန်း-၀၉-၅၀-၁၉၇၃၁၊ ကိုသီဟဇော် ဖုန်း-၀၉-၈၀-၂၀၄၈၅၊ ကိုမျိုးမြင့်ထွန်း ဖုန်း-၀၉-၅၁-၃၄၆၃၀၊ ကုလားကြီး ဖုန်း-၀၉-၈၅-၃၂၀၉၄၊ ကိုသက်ဦး ဖုန်း-၀၁-၇၃၀၁၅၁၁၇၊ ကိုရုံဝင်း ဖုန်း-၀၉-၅၁-၁၁၂၆၃၊ ကိုမျိုးထွဋ် ဖုန်း-၀၁-၅၄၀၄၀၄၊ ကိုရွှေပါ ဖုန်း-၀၉-၅၀-၁၁၃၆၆၊ ကိုလွန်းအောင်ဆန်း ဖုန်း-၀၉-၅၄-၀၃၇၁၇၊ မတင်ဝါဝါရီ ဖုန်း-၀၉-၅၀-၄၆၇၈၃၊ ကိုဇော်ဝင်း ဖုန်း-၀၉-၅၄-၀၀၇၉၉၊ မစုစုဝင်း ဖုန်း-၀၉-၅၁-၀၉၉၅၂၊ ကိုစောလှသန်း ဖုန်း-၀၉-၅၀-၅၄၉၀၁၊ မစိုးစိုးလွင် ဖုန်း-၀၉-၅၁-၆၉၂၆၃။

သူငယ်ချင်းအားလုံး မပျက်မကွက်တက်ရောက်ကြပါရန်။

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော တော်ကမယ်-ကြုံကြပ်ကျေးလက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

(၅၇)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန် ညီလာခံအတွက် ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ

ရန်ကုန် မတ် ၁၇

(၅၇)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံ ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား မတ် ၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

(မြန်မာ့အလင်း)

မန္တလေးစီးပွားရေးလမ်းညွှန်နှင့် ရန်ကုန်စီးပွားရေးလမ်းညွှန်တို့နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာချက်

EUREKA Co.,Ltd. သည် မန္တလေးစီးပွားရေးလမ်းညွှန် (Mandalay Business Directory) ကို ၂၀၀၀ ပြည့်နှစ်မှစတင်၍ အထက်မြန်မာပြည်၏ မြို့နယ်များနှင့် တွဲဖက်၍ ပြင်ဆင်ထုတ်ဝေခဲ့သည်မှာ ယခု ၂၀၁၀ခုနှစ်တွင် (၁၀)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ထို့အတူ ရန်ကုန်စီးပွားရေးလမ်းညွှန် (Yangon Business Directory)ကိုလည်း ၂၀၀၅ခုနှစ်မှစတင်၍ အောက်မြန်မာပြည်ရှိ မြို့နယ်များနှင့် တွဲဖက်ကာ ထပ်မံထုတ်ဝေခဲ့သည်မှာ ယနေ့အထိ ဖြစ်ပါသည်။

EUREKA Co.,Ltd. ၏ မန္တလေးစီးပွားရေးလမ်းညွှန် (Mandalay Business Directory)စာအုပ်ကို (၁၀)နှစ်ကျော် ရိုးသားဖြောင့်မတ်စွာ ကြိုးပမ်းထုတ်ဝေအောင်မြင်မှုနှင့် ကောင်းမြတ်သော ဂုဏ်သတင်းကိုအသုံးချ၍ အချို့သော လမ်းညွှန်စာအုပ် ထုတ်ဝေသူများသည် မန္တလေးစီးပွားရေးလမ်းညွှန်နှင့် ရန်ကုန်စီးပွားရေးလမ်းညွှန်တို့ကို အထင်မြင်လွဲမှားစေရန်ပြောဆို၍ လုပ်ငန်းလုပ်ကိုင်နေကြခြင်း၊ ငွေကြေးကောက်ခံခြင်း၊ ကြော်ငြာရယူခြင်း၊ ကုမ္ပဏီနှင့် လုပ်ငန်းရှင်များအကြား ထင်ယောင်ထင်မှား ဖြစ်စေရန် ရိုင်းပျသော အပြုအမူ၊ ပြောဆိုမှုများကို ပြုလုပ်ဆောင်ရွက်နေကြကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ သတိပေးကြေညာချိန်မှစ၍ နောက်နောင်တွင် အထက်ဖော်ပြပါ အပြုအမူ၊ ပြောဆိုဆောင်ရွက်မှုများ တွေ့ရှိရပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

EUREKA Co.,Ltd. ဒါရိုက်တာအဖွဲ့၏

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မောင်ကြီး B.A,R.L

တရားရုံးချုပ်ရှေ့နေ(၁၉၁၇)

အမှတ် ၂၉၊ (တတိယထပ်)၊ ၃၅ လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားဆရာမ သင်တန်းအမှတ်စဉ် ၁/၂၀၁၀ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ရက်က မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ ခုတင် (၁၀၀)ဆံ့ ဆေးရုံအုပ် ဒေါက်တာသန်းဌေးအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားစဉ်။ (ကျန်းမာရေး)

တီးတိန်၌ အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေး

တီးတိန် မတ် ၁၇

တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝုန့်ပြင်းထန် ဦးဆောင်သော စည်ပင်သာယာရေးဝန်ထမ်းများသည် မတ် ၈ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင် လွယ်ဘိုလ်ဈေးတန်းလျားရှိ ကုန်စုံဆိုင်နှင့် လမ်းဘေးအိမ်ဆိုင်များတွင် ရောင်းချသော အိုင်အိုဒင်းဆားများ၏ အရည်အသွေးပြည့်မီခြင်းရှိမရှိကို စစ်ဆေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ဗိုလ်မင်းနောင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်နိုင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

MCC Training Institute YATANARPON
AIT Asian Institute of Technology

B.Sc (Hons) Business IT March Intake

B.S.E in Telecommunications June Intake

(၂၀၁၀)တက္ကသိုလ်ဝင်တန်း စြေဆိုအောင်မြင်ထားသော ကျောင်းသား/သူများနှင့် မိဘများစိတ်ပါဝင်စားသူများ မည်သူမဆို အသေးစိတ်လာရောက်စုံစမ်းနိုင်ပါသည်။
MCC Booth No, G-6
နေ့ရက် - မတ်လ ၁၉-၂၀-၂၁ (၂၀၁၀) ရက်နေ့ နေရာ - တပ်မတော်ခန်းမ
MCC(ရုံးချုပ်) ဖုန်း -245758, 245762, 249152

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကို၁ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

လှည်းကူးမြို့နယ်တရားရုံး

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၈၁

တပ်ကြပ်ကြီးမင်းမင်းသိန်း	နှင့်	မနန်းသင်းသင်းအောင်
(ဘ) ဦးတင်အေး		(ဘ) ဦးစိန်အောင်မြင့်
ကပ-တ ၂၃၅၂၇၄		၃/ဘအန(နိုင်)၁၄၃၄၄၄
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း။		(၂)လမ်း၊ အောင်နန်းရပ်ကွက်၊ ဘားအံမြို့။
တရားလို		**တရားပြိုင်**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အောင်နန်းရပ်ကွက်၊(၂)လမ်းနေ တရားပြိုင် မနန်းသင်းသင်းအောင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားပြိုင်အပေါ် တရားလိုက အကြွင်းလင်းမယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၀ခုနှစ် မတ် ၃၁ရက် (၁၃၇၁ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်)မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ် မတ်၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မာမာစိုးရင်
ဒုတိယမြို့နယ်တရားသူကြီး
လှည်းကူးမြို့နယ်တရားရုံး။

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၃၆၊ ဦးပိုင်အမှတ် ၁၀၊ ၈၅လမ်း×၈၆လမ်း၊ ၃၇လမ်း×၃၈လမ်း ဒေါ်ဆန်းပါ(၃) အမည်ပေါက်မြေကွက်အား ဒေါ်ရန်ဆိုင်အိမ်(ခ)ရန်သိုက်ရှိန်(ခ)စန်းရီ ၉/မမန(ဧည့်) ၀၀၀၀၃၁က အမှုတွဲအမှတ်၀၅၄၅/ဘ(ပြောင်း)/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၇၆၊ ဦးပိုင်အမှတ်၁၃ .ခ က/၉၃(ခဲစင်း)၊ ၃၅လမ်း×၃၆လမ်း၊ ၈၅လမ်း×၈၆လမ်း၊ ကျောင်းဒကာစိုး၊ ဇရပ်အမကြီးအမည်ပေါက်မြေကွက်အား ဦးကျော်ကျော်လွင်ပါ(၂) ၉/မနတ(နိုင်) ၀၇၂၇၃၅က အမှုတွဲအမှတ်၀၅၅၃/ဘ(ခွဲ/ပြောင်း)/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပခ/၂၇၂၇၅ လက်ဝယ်ရှိသူ ဦးဇော်ကိုလတ် ၇/တငန(နိုင်) ၁၁၅၂၂၈က (ကမ-၃) ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ (ခရိုင်ရုံး)တောင်ငူ။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ဒီ၂ ၊ မြေကွက်အမှတ် V ၅၆၈၊ မြေကွက်တည်နေရာအမှတ် ၆၁၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဒေါ်သန်းရင် အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်သန်းရင်(အမျိုးကြီး)ဘ၀ ဖြင့် ကွယ်လွန်၍ တစ်ဦးတည်းသောမောင် ဦးသိန်းတင်နှင့်ဇနီးဒေါ်ဖွားစိန်တို့ ကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏တစ်ဦးတည်းသောသမီး ဒေါ်အေးမြင့်နှင့် ခင်ပွန်း ဦးအုံးကြိုင်တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးမျိုးမြင့်အုန်း ၁၂/ကမတ(နိုင်)၀၁၇၆၄၄ နှင့် ဒေါ်စန်းစန်းညွန့်အုန်း၁၂/ကမတ(နိုင်)၀၁၇၆၄၅ တို့က မြေအမည်ပေါက်နှင့် မြေများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ။

မီးသုံးစွဲလျှင် သတိယှဉ် ဆင်ခြင်သတိ အမြဲရှိ

ကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

MAMEE-DOUBLE DECKER (M) BERHAD ၏ လွှဲအပ်ချက်အရ ကြေညာအပ်သည်မှာ-

MAMEE-DOUBLE DECKER (M) BERHAD သည် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းထားပြီးဖြစ်သော အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြုလျက် အာလူးကြော်ကို ထုတ်လုပ်ပြီး မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

မှတ်ပုံတင်စာချုပ်အမှတ်-၁၆၁၇/၂၀၀၁
(၁၁-၄-၂၀၀၁)

၂။ ယခုအခါ ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသော အာလူးကြော်များ၏ နာမည်ကောင်းဖြင့်ကျော်ကြားလာမှုကို အခွင့်ကောင်းယူ၍ မသမာသူများက အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အတုအပများပြုလုပ်ပြီး အာလူးကြော်များကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချနေကြောင်း ကြားသိရပါသည်။

၃။ ထို့ကြောင့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို သတိပြု၍ အာလူးကြော်ကို ဝယ်ယူအားပေးကြပါရန်နှင့် ယင်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ပုံတူကူးယူခြင်း၊ သွယ်ဝိုက်၍တုပပြုလုပ်ခြင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်းများပြုလုပ်ပြီး တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊ သုံးစွဲခြင်းများပြုလုပ်လျက် အာလူးကြော်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ကြရန် သတိပေးတားမြစ်လိုက်ပါသည်။

၄။ အကယ်၍ ဤသတိပေးတားမြစ်ချက်ကို မလိုက်နာဘဲ ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်နည်းနည်းဖြင့် တုပပြုလုပ်ပြီး အာလူးကြော်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းများပြုလုပ်မည်ဆိုပါက ပြုလုပ်သူမည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမေအောင်	**ဒေါ်သိမ့်ကြည်ဖြူမျိုး**
B.Sc., R.L., D.B.L	**LL.B., C.B.L**
ဥပဒေအကျိုးဆောင်နှင့် ဥပဒေအကြံပေး	**အထက်တန်းရှေ့နေ**

အခန်း-၁၀၄/E၊ တိုက်-၁၀/၁၁၊ ၃၅လမ်း(အောက်)၊
ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၁၂၂၁၇။

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ဈေးများ မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဈေးဆိုင်တစ်ဆိုင်ချင်းအလိုက် ကာကွယ်ရေးပစ္စည်းများထားရှိမှုနှင့် မီးလောင်လွယ်သည့်ပစ္စည်းများ ရောင်းချခြင်းမပြုရန် စစ်ဆေးကြပ်မတ်လျက်ရှိရာ မတ်၆ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကန်ဒိုလျှန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့် ဝန်ထမ်းများ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန် မတ် ၁၇

ပုဂံ-ညောင်ဦးအသင်းမဂ္ဂဇင်းထုတ်ဝေရေးအတွက်လှူ

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) တည်ထောင်ခြင်း နှစ်(၅၀)ပြည့်အထိမ်းအမှတ်ရွှေရတုမဂ္ဂဇင်းထုတ်ဝေရေး တတိယအကြိမ်အစည်းအဝေးကို မတ် ၁၄ရက်က ဗဟန်းကြားတောရလမ်း မှန်ကျောင်း၌ ကျင်းပရာ သဘာပတိ အသင်းနာယက အယ်ဒီတာချုပ် ဒေါ်တင်ရီ(တင်ရီမ-ညောင်ဦး)က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌဦးသိန်းအောင်က မဂ္ဂဇင်းထုတ်ဝေရေးနှင့် အလှူငွေရရှိရေးပြောကြားကာ တာဝန်ခံအယ်ဒီတာ တက္ကသိုလ်စိန်တင်၊တွဲဖက်တာဝန်ခံအယ်ဒီတာ ဦးစိုးဝင်း(သတင်းထောက် စဥ့်ကူစိုးဝင်း) တို့က စာမူများရရှိရေး အခြေအနေနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ငါ့သရောက်၊ တောင်ဇင်း၊ စဥ့်ကူ၊ လက်ပန်ခြေပေါ် စသည့်ဒေသများမှ ဆောင်းပါး၊ ဝတ္ထုတောင်းခံမည့် အစီအစဉ်များ တင်ပြသည်။

လှူဒါန်း

မဂ္ဂဇင်းစာအုပ်တစ်အုပ် ကျပ် ၃၀၀၀ ဖြင့် အမှုဆောင်များမှတစ်ဆင့် ကြိုတင်ရောင်းချသည့်စနစ်ဖြင့် အတွင်းရေးမှူး ဗိုလ်ကြီးထွန်းအောင်ကျော်(ငြိမ်း)က အစီအစဉ်တင်ပြကာ ဦးကြည်စိုး သိင်္ဂီကျော်မန်ကျည်းပလိပ်ပြားလုပ်ငန်းမှ ကြော်ငြာတစ်မျက်နှာအတွက်ငွေကျပ်တစ်သိန်းလှူဒါန်းရာ အယ်ဒီတာချုပ်နှင့်စာတည်းအဖွဲ့ဝင်များ၊ အမှုဆောင်များနှင့်ဘဏ္ဍာရေးမှူးဦးသာထွေးတို့က လက်ခံကြသည်။(အပေါ်ပုံ)

ဆက်သွယ်

ပုဂံ-ညောင်ဦးမြို့နယ်နှင့် ပတ်သက်သည့် စာမူများနှင့် ကြော်ငြာများပေးပို့ထည့်သွင်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဖုန်း-၅၇၇၇၇၀၂ သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်သည်။

(၁၁၃)

မြို့နယ် သတင်း ထွေတလာ

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၂၈ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်မှုကို အမှုဆောင် အရာရှိ ဦးမောင်မောင်သွင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပန်းပျိုးလက် မူကြိုကျောင်းသစ်ဖွင့်ပွဲ ကျင်းပ

မိုးကောင်း မတ် ၁၆

မိုးကောင်းမြို့နယ် လေးမိုင်ကျေးရွာ ပန်းပျိုးလက်ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေး ECCD မူကြိုကျောင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် ကျောင်းဆင်းပွဲအခမ်းအနားကို မတ် ၇ရက် နံနက် ၉နာရီခွဲက အဆိုပါကျောင်း၌ကျင်းပရာ လေးမိုင်ကျေးရွာ ကျောင်းအုပ်ဆရာကြီး(ငြိမ်း)ဦးထွန်းဖေ၊ ကျေးရွာဖွံ့ဖြိုးရေးတာဝန်ခံဦးစံသောင်းနှင့် ပန်းပျိုးလက်မူကြိုမှ ဆရာမကြီးဒေါ်ခင်ရည်တို့က အဖွင့်အမှာစကားပြောကြားကြသည်။ ဆက်လက်၍ မူကြိုကလေးငယ်များအား မူကြိုကျောင်းဆင်းလက်မှတ်နှင့် ဆုများကို တာဝန်ရှိသူများက ပေးအပ်ကြပြီး တာဝန်ခံဒေါ်စုစုထွေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြကြည်လင်ဈေး၌ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် သန့်ရှင်းလတ်ဆတ်သော သားငါးများဝယ်ယူစားသုံးနိုင်ရေးအတွက် သားငါးများယင်လုံဆန်ခါဖြင့် ရောင်းချခြင်းရှိ မရှိကို ဖေဖော်ဝါရီ၅ရက်က ကျန်းမာရေးမှူး-၂ ဦးဇော်နိုင်နှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးဟန်ဝင်းအောင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၆/၂၀၁၀) ကျင်းပ

နေပြည်တော် မတ် ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၆/၂၀၁၀)ကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ၊ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို အတည်ပြုလက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

အတည်ပြုလက်မှတ်ရေးထိုး

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားကို ပြောကြားပြီး ရေးဆွဲညှိနှိုင်း စိစစ်ပြီးဖြစ်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ဥက္ကဋ္ဌဦးသိန်းစိုးက အတည်ပြုလက်မှတ်ရေးထိုး ထုတ်ပြန်သည်။

ထို့နောက် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသော အထွေထွေကိစ္စရပ်များကို အဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြပြီး ဥက္ကဋ္ဌဦးသိန်းစိုးက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၀)ဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၀)ဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၀)ဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၀)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကိုလည်းကောင်း ၁၃၇၁ခုနှစ် တန်ခူးလဆန်း ၃ရက်၊ ၂၀၁၀ပြည့်နှစ် မတ် ၁၇ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ နည်းဥပဒေများကို မတ် ၁၈ရက်မှစ၍ နေ့စဉ်ထုတ်သတင်းစာများတွင် အချပ်ပိုအဖြစ် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်သည့်အပြင် ပုံနှိပ်ပြီးစာအုပ်များကိုလည်း ၄င်းနေ့မှစ၍ ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်နှင့် သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့၌ လည်းကောင်း၊ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၌လည်းကောင်း၊ အခြားပြည်နယ်နှင့် တိုင်းများတွင် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌လည်းကောင်း ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**